# ရတနာပုံ


yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၁၂)ရက် ၊ တနင်္လာနေ့ ၊ (21-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၈၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်


**စာမျက်နှာ ၁၆ ကော်လံ ၁**



အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်
အရည်အသွေး ကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်
ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .
CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

**မဟာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

ဆက်သွယ်ရန် ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၈၅၄



ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၂၁ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားစေရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက်တွင် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"ပါဝင်သည်။ အဆိုပါ ဦးတည်ချက်ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှုစွမ်းအားများဖြင့် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးလုပ်ငန်းများကို နိုင်ငံ၏အရင်းအမြစ်များအပေါ်မူတည်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့်မူဝါဒများ၊ စီမံချက်များရေးဆွဲ၍ နိုင်ငံတော်ကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများနေရာထိုင်ခင်းကောင်းမွန်စွာဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ဆေးဝါးများခေတ်မီဆေးပစ္စည်းကိရိယာများ စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

**"ပြည်သူလူထု၏ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားစေရေးနှင့် မျှော်မှန်းသက်တမ်းမြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက်လေ့ကျင့်မွေးထုတ်ပြီး တာဝန်ပေးရန် အရေးကြီးကြောင်း၊ ထို့ကြောင့် အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာတက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ်အပါအဝင် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း စသည့်တက္ကသိုလ်နှင့် ကျောင်း ၅၃ ခုကိုဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲပြီး သင်ကြားပေးလျက်ရှိကြောင်း"** ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(ရန်ကုန်မြို့)၌ ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခန့်အပ်လွှာပေးအပ်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏ ဆေးရုံအသီးသီးနှင့် ကျန်းမာရေးကဏ္ဍအသီးသီးတွင် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ကြရမည်ဖြစ်သည်။ အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်မှ ပြည်စုံသည့် ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများဖြစ်ကြရမည်ဖြစ်သည်။ အဆိုပါ အရင်းအမြစ်များသည် ကျန်းမာရေးကဏ္ဍအတွက် မျိုးဆက်သစ်၊ အင်အားသစ်များပင်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်အားပေးလျက်ရှိသည်။ ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးအတွက် လူသားများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအသိရှိမှုအပေါ်တွင် မူတည်သကဲ့သို့ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများကလည်း ပြည်သူများ သက်ရှည်ကျန်းမာရေးအတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း လယ်ကဏန်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း လယ်ကဏန်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက လယ်ကဏန်းပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း လယ်ကဏန်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေတဲ့ ကဏန်းတွေက လယ်ကွင်းထဲက ဖမ်းယူရရှိတာဖြစ်ပါတယ်။ လယ်ကဏန်းတွေအပါအဝင်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း လယ်ကဏန်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် လယ်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၃၆၇၇ ဧကထိ စိုက်ပျိုးပြီးစီး



**ကျောက်မြောင်း ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၃၆၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၇၉ ဧကနှင့် ဖူးစားပြောင်း ၃၆၅၃ ဧက စုစုပေါင်း ၇၂၃၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၅၀၃ ဧကနှင့်ဖူးစားပြောင်း ၂၁၇၄ ဧက စုစုပေါင်း ၃၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်နေပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ ပို့ကုန်အဖြစ်တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် မယ်ဇလီအိုင့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပျော်ဘွယ် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မယ်ဇလီအိုင့်ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ဝင့်ဝါဖြူ၊ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများမှ မယ်ဇလီအိုင့်ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ဝင့်ဝါဖြူက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည် ။

မယ်ဇလီအိုင့်ကျေးရွာ၌ အရှည် ၆ ဒသမ ၁၈၁ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉၆ ဒသမ ၂ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတာဝန်ယူ၍ ယခုနှစ် ဇွန် ၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ငါန်းဇွန် ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ရွာသစ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်မိသားစု ဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ အနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစု ဝင်ငွေတိုးပွားလုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင့်စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၅၀ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၅၀ သန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က ပြောပြ၍ သိရသည်။

အောင်ရဲကျော်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးစိန်မြင့်-ဒေါ်စန်းကြူ (ဒုံးပျံအဆင့်မြင့်ဂျုံစက်) မိသားစုက မန္တလေးငလျင်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများပြုပြင်ရန်အတွက် ငွေကျပ် ၅၀၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၁၃၈ ဧကစိုက်ပျိုးပြီးစီး



စစ်ကိုင်း ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၁၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၃၆၆ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၁၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်ကြပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို တစ်ဧကပန်းတိုင် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီ ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် အထွက်နှုန်းနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

သဲကုန်း ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကရင်ကုန်းကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ကရင်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကရင်ကုန်းကျေးရွာ၌အကျယ် လေးလက်မခွဲ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၉ သန်းဖြင့် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇူလိုင်လပထမပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နယ်မြေဒေသနှင့် သင့်တော်သည့် နည်းလမ်းများကို စနစ်တကျရွေးချယ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတ

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၆၅၀၀၀ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ မေလအတွင်းက ကင်းမွန်ခြောက် ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်ခြောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးခြောက်တွေအပြင် ကင်းမွန်ခြောက်တွေ တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကင်းမွန်အစိမ်း အရွယ်စုံတွေကို အခြောက်ခံပြီး ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တာပါ။ ကင်းမွန်ခြောက်အပါအဝင် ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ကင်းမွန်ခြောက်တွေ တင်ပို့မှုကောင်းလာတော့ ရေလုပ်ငန်းနဲ့ပတ်သက်သူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အဆင်ပြေနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ကင်းမွန်များကိုဝယ်ယူပြီး စနစ်တကျအခြောက်ခံကာ ကင်းမွန်ခြောက်အဖြစ် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကင်းမွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# အံဝင်ခွင်ကျ ဤလောက

ချစ်နိုင်(စိတ်ပညာ)

အမေရိကန်စာရေးဆရာတစ်ယောက် ရောဘတ်ဂရင်းဆိုတာရှိတယ်ဗျ။ သက်ရှိထင်ရှား လူသိများပါတယ်။ သူ့စာအုပ်တွေကို လူကြိုက်လည်းများပါတယ်။ သူက စာပေဖတ်ရှုတာလည်း ဝါသနာပါတဲ့ ပညာတတ်တစ်ယောက်ဆိုတော့ သူပြောတဲ့စကားလေးတွေက မှတ်သားစရာကောင်းပါတယ်။ (Robert Green)ရောဘတ်ဂရင်းက–

**"ယနေ့ကမ္ဘာမှာ မရှိမဖြစ်လိုအပ်တဲ့ ကျွမ်းကျင်တတ်မြောက်ခြင်းသုံးခု လိုအပ်တယ်တဲ့–**

1. **Better Social Skill**
   **လူမှုဆက်ဆံဆက်သွယ်မှုဆိုင်ရာ ပိုမိုကျွမ်းကျင်မှု၊**
2. **Love of learning**
   **သင်ယူခြင်းကို မြတ်နိုးနှစ်သက်တတ်မှု၊**
3. **Patient While Learning new things, abilities to be okay with boredom.**
   **အကြောင်းအရာအသစ်၊ အရည်အသွေးအသစ်ကို သင်ယူနေစဉ်အချိန်မှာ ပျင်းရိငြီးငွေ့စရာကောင်းတာတွေကို စိတ်ရှည်သည်းခံပြီး တရွေ့ရွေ့နဲ့ရှေ့ကို သာဆက်တိုးသွားမယ် အိုကေတယ်ဆိုတဲ့သဘောထားနဲ့တိုးတက်နေရမယ်"တဲ့။**

သူပြောတာ၊ ရေးတာလေးကို ကြားရ၊ ဖတ်ရတဲ့အခါ စာရေးသူရဲ့စိတ်ထဲမှာ ပြောချင်ပေမယ့် မပြောရဲတာ၊ ရေးချင်ပေမယ့်လည်း မရေးဝံ့တာ၊ မယုံမရဲရှိနေရာမှ အားတက်ရဲဝံ့သွားပြီး ဒီဆောင်းပါးကို ရေးဖြစ်မိခြင်းဖြစ်ပါတယ်။ ဒီလိုပါဗျာ စာရေးသူက ကောင်းနိုးရာရာစာအုပ်စာပေထဲက မိမိနှစ်သက်တဲ့စာတွေဆိုရင် ကူးယူရေးမှတ်ပြီး အမြတ်တနိုးနဲ့ မကြာခဏထပ်ကာထပ်ကာဖတ်တော့ အချို့အဆိုအမိန့်တွေကို အလွတ်ရနေတော့တာပေါ့။ ဒီလိုဗဟုသုတတွေကို စာဖတ်သူတွေအတွက် မျှဝေချင်စိတ်ပေါ်တယ်။ ဒါပေမဲ့ လူတွေက ဆရာလုပ်တယ်ထင်ရင် မကြိုက်ဘူး။ စေတနာနဲ့ ရေးတာပြောတာမျိုးပင်ဖြစ်စေအုံး ရေးတိုင်းဖတ်တာမဟုတ်ဘူး။ ဖတ်တိုင်းကြိုက်တာမဟုတ်ဘူး။ "ဆရာကြီးလေနဲ့လာပြီး ပြောမနေနဲ့၊ သွားစမ်းပါ"ဆိုတဲ့ စာဖတ်သူက များနေတယ်လို့ထင်မိပါတယ်။

ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ဟာ မိမိအခြေအနေ၊ မိမိအဆင့်၊ မိမိနေရာ၊ မိမိအရည်အသွေးကို အမှန်အတိုင်း သိကိုသိမှဖြစ်တဲ့အချိန်အခါ ရောက်လာခဲ့ပြီလို့ တင်ပြချင်ပါတယ်။ ဒါဟာ အဆိုးမြင်တာ၊ မြန်မာတွေကို အထင်သေးတာလား။ နှိမ့်ချတာလားနဲ့ ဆဲမယ့်၊ ရန်လုပ်မယ့်လူက များများဖြစ်ချင်လဲဖြစ်ပါစေ။ ခံပ့ါမယ်လေ။ အထိုးကြိတ်ခံ၊ အရိုက်အနှက်ခံပြီး ရဲရဲဝံ့ဝံ့ပြောစရာရှိတာ ပြောရမှာဖြစ်တယ်ဆိုတဲ့ အခြေအနေရောက်နေပြီလို့ အသိပေးချင်တယ်။ စေတနာဟာ ကံပဲ။

နိုင်ငံနဲ့ လူမျိုးရဲ့အဆင့်အတန်းအခြေအနေကို ယေဘုယျလက်တွေ့ကြည့်လိုက်ပါ။ တွေ့လား။ ဒီနှစ်နိုင်ငံခြားဝင်ငွေ ဘယ်လောက်တိုးအောင် ကြိုးစားနိုင်ပါသလဲ။ ပြည်ပပို့ကုန်များ ဘာတွေတိုးတက်တင်ပို့နိုင်ပါသလဲ စသည့် စသည့်ဘဏ္ဍာ၊ စည်ပင်၊ ပညာ၊ ကျန်းမာအခြေခံအဆောက်အအုံတွေ ဘယ်လောက်ခေတ်မီတိုးတက်အောင် တည်ဆောက်နိုင်ပါသလဲ။

ဘောလုံးအားကစားအဆင့်အတန်းမှာ မြန်မာအသင်းဟာ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၉၀-၂၀၀ အရေအတွက်မှာ ၁ မှ ၁၀ ထဲမပါရင်ထားပါ။ ၁ မှ ၁၀၀ ထဲဝင်အောင် နောင်နှစ်ပေါင်းဘယ်လောက် အားကစားကို ပျိုးထောင်မြှင့်တင်ရမှာလဲ။ ကမ္ဘာ့အဆင့်ဝေလာဝေး၊ အရှေ့တောင်အာရှမှာ လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်က ပထမဆုရွှေဖလားကြီးတွေ၊ ဒိုင်းဆုတွေ ခဏခဏယူခဲ့ကြတဲ့ ဗဟာဒူး၊ လှငြေး၊ ကိုကိုကြီး၊ ခင်မောင်ထွန်း၊ ဘပု စတဲ့ဘောလုံးသမားတွေခေတ်မျိုးနဲ့ ဝေးကွာခဲ့တာကြာနေပါပြီ။

မြို့နယ်အဆင့်၊ ရပ်ကွက်အဆင့်တောင် လေ့ကျင့်ရေးကို အားမပေးနိုင်လောက်အောင် ဆင်းရဲနေတဲ့ဘဝမှာ အားကစားနဲ့ ကျန်းမာရေးမှာ အောက်တန်းနောက်တန်းကျခဲ့တာ ပြောနေရင်မောရုံရှိမယ်။

အပြစ်တင်စကားမရေးပါ။ မဆိုပါ။

အဖြစ်မှန်တရားကိုတော့ မသိချင်ယောင်ဆောင်နေလို့မရပါ။ မီးစနဲ့ဆေးလိပ်တိုကို ဖျာအောက်ထဲထိုးထည့်ချင်တဲ့အကျင့်ဟောင်းတွေနဲ့ မဖြစ်တော့ပါ။

အဓိကတင်ပြချင်တဲ့ အခြေခံအချက်က မိမိတို့ပေ့ါဆနေလို့မရတော့ဘူး။ အပျင်းထူနေလို့ မဖြစ်တော့ပါဘူး။ အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ လွယ်သလိုလုပ်၊ လည်သလိုစား၊ ပုဒ်မ-၄ အကျင့်တွေကို ရေမိုးချိုး၊ သန့်စင်၊ လူသစ်စိတ်သစ်ပြင်ကြပါမှ နိုင်ငံသစ်၊ တိုင်းပြည်သစ်၊ ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ကျွန်တော်တို့ ကျွန်မတို့ထူထောင်နိုင်ပေမှာပေ့ါ။

တိုးတက်ရာ တိုးတက်ကြောင်းတွေ၊ ကြီးပွားရာကြီးပွားကြောင်းတွေလိုပေတယ်။ အရင်လိုရောက်တတ်ရာရာ ငြင်းခုံဆဲဆိုနေကြမယ့်အစားပညာရမယ့်အရာ၊ ကုသိုလ်ရမယ့်အရာ၊ ငွေကြေးဥစ္စာကြီးပွားချမ်းသာစေမယ့် အရာရာတွေကိုအစားထိုးကာ ပြောကြဆိုကြဆွေးနွေးကြပါလားကွယ်ရို့။

အမေရိကန်နိုင်ငံဆိုတာ မရောက်ဖူးပါဘူး။ ချစ်ခြင်း၊ မုန်းခြင်းလည်းမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် လွန်ခဲ့တဲ့ အနှစ် ၃၀၊ ၄၀ မှာတော့ နိုင်ငံတကာလည်ပြီး ဗိုလ်ကျအနိုင်ကျင့် စွာကျယ်ကျယ်လူမိုက်ကြီးလုပ်လောက်အောင် ဒေါ်လာသုံးနိုင်တဲ့အကောင်ကြီးပဲ။ ဗီယက်နမ်ဆို နှစ်ပေါင်း ၂၀ တိတိ ကျူးကျော်စစ်ဆင်ခံခဲ့ရတာပဲ။ မတရားစစ်၊ ကျူးကျော်စစ်ကို မြန်မာကဗျာဆရာတွေလောက်၊ မဂ္ဂဇင်းစာမျက်နှာတွေပေါ်က ရဲရဲတောက်အားပေးရေးဖွဲ့ကြတာမျိုး နိုင်ငံတကာမှာရှားပါတယ်။ မြန်မာက မဆိုင်ပေမဲ့ မတရားတာမကြိုက်ဘူး။ ကြီးနိုင်ငယ်ညှင်းလုပ်ရင်တားဆီးရဲတယ်။ ထားပါတော့။

မြန်မာနိုင်ငံလွတ်လပ်ရေးရစကတည်းက တရုတ်ပြည်မကြီးက (သူတို့ပြည်တွင်းစစ်)စစ်ရှုံးလို့ ယူနန်ဘက်မှ ရှမ်းပြည်နယ်ထဲ ဆုတ်ခွာတိမ်းရှောင်၊ ကျူးကျော်လာတဲ့ တရုတ်ဖြူကို အမေရိကန်က လက်နက်ခဲယမ်းတွေ၊ ရိက္ခာတွေ(လေကြောင်း)က ထောက်ပံ့ချပေးတော့ မြန်မာတပ်မတော်က တားဆီးတယ်။ ကုလသမဂ္ဂကိုလည်း အကြိမ်ကြိမ်တိုင်ကြားခဲ့ရတယ်။

တရုတ်ဖြူကျူးကျော်မှုကို မြန်မာ့တပ်မတော်ဟာ ရှုပ်ရှုပ်ချွံချွံတွန်းလှန်တိုက်ခိုက်ခဲ့ရပါတယ်။ အမိမြေပေါ် သူတစ်ပါးမကျူးကျော်မစော်ကားအောင် ကာကွယ်တိုက်ထုတ်နိုင်တဲ့ အမျိုးသားတပ်မတော်ဆိုတာ အင်အားရှိရပါတယ်။

လူသူ၊ လက်နက်ခဲယမ်း၊ ရိက္ခာ အစစအရာရာ နိုင်ငံတော်က ထောက်ပံ့ရတဲ့အပြင် ပြည်သူတွေကလည်း စိတ်ဓာတ်ရေးရာတစ်ခဲနက် အားပေးကြရတာ။ အမျိုးသားရေးဆိုတာ နိုင်ငံတိုင်း၊ လူမျိုးတိုင်းရဲ့ မရှိမဖြစ်အသက်ဝိညာဉ်မဟုတ်လား။

လူငယ်တွေမှာ ဒီလိုအသိအမြင် ကင်းမဲ့သွားရင် နိုင်ငံတော်ရဲ့အနာဂတ်ဟာ အမြစ်ကိုခုတ်ဖြတ်ခံရသလိုမျိုး အကိုင်းအခက်အရွက်တွေ ကြွေရုံမက ပင်စည်ပါပြိုလဲကျမှာပါလားဆိုတာ နားလည်သင့်ပါတယ်။ လူငယ်ဆိုတာ အနာဂတ်ပဲမဟုတ်လား။ ကမ္ဘာ့နိုင်ငံများစွာ သူတို့နိုင်ငံအတွက် အမျိုးသားရေးတာဝန်အနေနဲ့"အမျိုးသားစစ်မှုထမ်း အက်ဥပဒေ" ပြဋ္ဌာန်းထားကြပြီး နိုင်ငံသားလူငယ်တိုင်းကို ကိုယ့်နိုင်ငံချစ်စိတ်ရှိဖို့ ပျိုးထောင်လေ့ကျင့်ပေးကြရစမြဲပါပဲ။ ဒါကိုပြက်တိပြက်ချော်လှောင်ပြောင်ပုတ်ခတ်ပြီး မသိနားမလည်တဲ့ ကလေးတွေကို အသိအမြင်လွဲအောင် မှိုင်းတိုက်လှည့်စားမှုတွေက အနီးကောအဝေးမှာပါရှိနေကြလေရဲ့။

**❖အမျိုးသားရေးဆိုတာ နိုင်ငံတိုင်း၊ လူမျိုးတိုင်းရဲ့ မရှိမဖြစ် အသက်ဝိညာဉ်မဟုတ်လား။ လူငယ်တွေမှာ ဒီလိုအသိအမြင်ကင်းမဲ့သွားရင် နိုင်ငံတော်ရဲ့အနာဂတ်ဟာ အမြစ်ကိုခုတ်ဖြတ်ခံရသလိုမျိုး အကိုင်း၊ အခက်၊ အရွက်တွေ ကြွေရုံမက ပင်စည်ပါပြိုလဲကျမှာပါလားဆိုတာ နားလည်သင့်ပါတယ်။ လူငယ်ဆိုတာ အနာဂတ်ပဲမဟုတ်လား။ ကမ္ဘာ့နိုင်ငံများစွာ သူတို့နိုင်ငံအတွက် အမျိုးသားရေးတာဝန်အနေနဲ့ "အမျိုးသားစစ်မှုထမ်းအက်ဥပဒေ" ပြဋ္ဌာန်းထားကြပြီး နိုင်ငံသားလူငယ်တိုင်းကို ကိုယ့်နိုင်ငံချစ်စိတ်ရှိဖို့ ပျိုးထောင်လေ့ကျင့်ပေးကြရစမြဲပါပဲ။ ❖**

လူဆိုတာက တစ်သက်တာဟာ တစ်ဘဝပဲ။

နိုင်ငံနဲ့လူမျိုးဆိုတာက သမိုင်းတစ်လျှောက် နိုင်ငံသားလူကြီးက လူငယ်လေးတွေကို လက်ဆင့်ကမ်းအမွေပေးပြီး သမိုင်းကိုရေးကြရတာနော်။ အနာဂတ်ကို ရှက်စဖွယ်ကောင်းလောက်အောင် အရုပ်ဆိုးအကျည်းတန်စေတဲ့ အဖျက်အင်အားစုတွေရဲ့ဘေးရန်ဟာ ကြီးမားတာအမှန်ပဲ။

ကောင်းကောင်းဆိုးဆိုးဘဝတစ်ခုဟာ နှစ်ကာလအားဖြင့် မကြာလှပါဘူး။ လူ့သက်တမ်းကြာလှ ၇၀၊ ၈၀၊ ၉၀ ပေါ့။ သက်တမ်းစေ့မနေကြရပါဘူး။ ရာသီဥတုပြင်းထန်ဆိုးဝါးလာမှုကြောင့် ရေဘေး၊ မီးဘေး၊ အငတ်ဘေး၊ ရောဂါဆိုးများဘေး၊ စစ်ဘေး။

ဖြစ်လာရတဲ့ ဘဝတစ်ခုခဏလေးမှာ ဒီဘဝကို တန်ဖိုးရှိအောင် သတိပြုစေချင်လို့ ဒီစာကိုရေးသားတင်ပြခြင်းပါခင်ဗျာ။ ဘဝရဲ့တန်ဖိုးဆိုတာ တာဝန်ကျေပွန်ခြင်းနဲ့ တိုင်းတာရပါတယ်။ တာဝန်ကျေသူရဲ့ဘဝကို လေးစားဂုဏ်ပြုထိုက်တယ်လေ။ တန်ဖိုးမြင့်ပေရဲ့။ တာဝန်မသိ၊ တာဝန်မယူ၊ တာဝန်မကျေသူတွေက လူအရေအတွက်သာ များချင်များပေမယ့် သူသေသွားလည်း ဘယ်သူကမှ မလွမ်းလှပေဘူးပေ့ါ။ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ဆိုတာ သိတောင်သိမသွားဘဲ တိုင်းပြည်ကိုဖျက်ဆီး၊ လူမျိုးဂုဏ်ကို ညှိုးမှိန်အောင်လုပ်သွားခဲ့သူတချို့ကိုတော့ ဘယ်သူက တန်ဖိုးထားနိုင်မှာလဲ။

လောကနဲ့ မိမိ။ ဘဝတစ်ခုမှာ အစပြုလာရပြီဆိုမှတော့ ကျေးဇူးတရားဆိုတာရှိကြစမြဲပဲလေ။

မာတာမိခင်၊ ကျေးဇူးရှင်၊ သက်စွန့်ဆံဖျား အပူ၊ အဖန်၊ အစပ်၊ အခါး၊ မတည့်တာရှောင်ရှားပြီး ရင်သွေးကိုယ်ဝန်အတွက် အနစ်နာခံခဲ့သူ။ ကျွေးဖခင်၊ လူဖြစ်အောင်လုပ်ကျွေးပြုစုခဲ့တာ အရွယ်မရောက်ခင်မှ လူလားမြောက်တဲ့အထိ သူတတ်နိုင်သမျှစွမ်းအားရှိသလောက် သားသမီးကိုချစ်ကြင်နာစွာ ကျွေးခဲ့ပေးခဲ့ရှာ။ ကျေးဇူးရှင် ဖေဖေ။

မိဘနှစ်ပါးအပြင် စာပေပညာသင်ပေးလာတဲ့ ဆရာ၊ ဆရာမတွေလည်း ကျေးဇူးရှိတာပဲ။ ဟုတ်ပြီလေ။ ကျေးဇူးရှိရင် ကျေးဇူးဆပ်ချင်စိတ် စေတနာလေးများကော မပေါ်ခဲ့ဘူးလားကွယ်။

မေတ္တာတုံ့ပြန်၊ ကြင်နာဂရုစိုက်ခြင်း၊ ဂါရဝထားလုပ်ကျွေးပြုစုခြင်းတို့လုပ်မယ်ဆိုတဲ့ ကျေးဇူးတရားရှိသူကို ကျေးဇူးဆပ်မယ်ဆိုတဲ့ လောကဝတ္တရားကို နားလည်ကြပါရဲ့လား။ လူတွေဟာ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်လမ်းကိုယ်လျှောက်ရသူချည်းပါ။ အတူတူပဲ။ လောကဇာတ်ခုံ အဖုံဖုံဗျ။

ဘဝတစ်ခုရရှိကြလို့ စင်ပေါ်တက်လာကြ၊ ကကြ၊ ဆိုကြ အချိန်စေ့တော့လည်း စင်ပေါ်က ဆင်း၊ မြင်ကွင်းကနေပျောက်ကွယ်သွားကြ။ ဘယ်ဆီဘယ်ဝယ်ရောက်သွားပြီလဲ ဘယ်သူမှစိတ်မဝင်စား။ မမြင်တော့လည်း မသိတော့ဘူး။

အချို့လည်း ကျင်းထဲချောက်ထဲကျ၊ ဆင်းဆင်းရဲရဲမှောင်မှောင်နဲ့မည်းမည်း။ အချို့တော့လည်း အမြင့် တစ်နေရာမှာ ထိန်ထိန်လင်းလင်း၊ အဆင်ပြေပြေ။ ကိုယ့်လမ်းကို ကိုယ်သွားကြပေတာပဲလေ။

လူတစ်ယောက်ဖြစ်လာရင်တော့ တစ်စုံတစ်ရာဖြစ်မြောက်အောင် ဘဝတာဝန်လေးတော့ သိရကျေရမှာပေ့ါ။ ဘာတာဝန်တုံးဆိုရင် (၁) လူ့လောကကို မဖျက်ဆီးမိအောင်ရှောင်ဖို့ပါ။ (၂) လောကကောင်းကျိုးကို တတ်နိုင်သမျှ တစ်ထောင့်တစ်နေရာက ပါဝင်သယ်ပိုးပေးမယ်။ ဒီနှစ်ချက်ဟာ ပခုံးနှစ်ဖက်ပါတဲ့လူသားတိုင်းရဲ့ ဘဝရဲ့တာဝန်မဟုတ်ပါလား။

လူတစ်ယောက်ရဲတန်ဖိုးကို အကဲဖြတ်တဲ့နေရာမှာ သူဟာမိဘကို ဘယ်လောက်ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်သလဲ။ ဆရာသမားများကို ဘယ်လောက်ဝတ္တရားကျေအောင် ကျေးဇူးသိတတ်သလဲ။ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးရဲ့ ကောင်းကျိုးကို ဘယ်လောက်များ စိတ်ပါဝင်စား စိတ်အားထက်သန်သလဲ။ ဒါတွေဟာ လူတိုင်းကို တိုင်းတာစရာပေတံ(စံအရည်အသွေး)အချက်တွေပဲ မဟုတ်လား။

ဒီတာဝန်ဝတ္တရားတွေ ကျေကျေပွန်ပွန်ထမ်းနိုင်အောင် ရှေးဦးပထမ လူတစ်လုံးသူတစ်လုံးအောင်မြင်တိုးတက်ဖို့တော့ လိုပေမှာပေ့ါ။

မြတ်စွာဘုရားရှင်ဟောကြားတော်မူတဲ့ မင်္ဂလသုတ်၊ ကုမ္ဘဃောသကသုတ်၊ ဩဝါဒပါတိမောက်၊ ဒီဃဇာဏုသုတ် အစရှိတဲ့တရားတော်များမှာ အောင်မြင်ကြောင်းတရား၊ ကြီးပွားကြောင်းတရားတွေကို စာဖတ်သူလည်း နာယူဖတ်ရှုပြီးသားဖြစ်ပါလိမ့်မယ်။ ဒီနေရာမှာ ၂၁ ရာစုလတ်လတ်ဆတ်ဆတ် အမေရိကန်နိုင်ငံက ကမ္ဘာကျော်ရုပ်ရှင်မင်းသားတစ်ယောက်ပြောပြတာလေး ဖော်ပြပေးရင်းနိဂုံးချုပ်ချင်ပါတယ်။

ရည်မှန်းချက်ပန်းတိုင်တစ်ရပ်အောင်မြင်ချင်ရင် ဟောဒီအခြေခံလိုအပ်ချက် ရှစ်ချက်ကိုကျင့်သုံးကြည့်ပါတဲ့။ သူပြောတဲ့ ရှစ်ချက်က–

၁။ Consistency (ရှေ့နောက်ညီညွတ်မှုရှိရခြင်း)
၂။ Discipline (စည်းကမ်းကောင်းရခြင်း)
၃။ Focus the goal (ပန်းတိုင်ကို မပြတ်အာရုံစိုက်ခြင်း)
၄။ Hard Work (ကြိုးကြိုးစားစားအလုပ်လုပ်ခြင်း)
၅။ Patience (စိတ်ရှည်သည်းခံနိုင်ခြင်း)
၆။ Positive Attitude (အပြုသဘောအမြင်ရှိရခြင်း)
၇။ Sacrifice (စွန့်လွှတ်နိုင်ခြင်း)
၈။ Self-Confidence (မိမိကိုယ်ကိုယုံကြည်မှု)

ဒါလေးပါပဲ။ အောင်မြင်ပါစေ။ လေးစားလျက်ပါ။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၇၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၇၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၂၃၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၇၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ အရာတော်မြို့နယ်အတွင်း ပဲတီစိမ်းဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၇၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## ပဲခူးမြို့နယ် လသာအေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး



ပဲခူး ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် လသာအေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၁၉ ရက်က တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများက လသာအေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အရှည် ၅၆၁ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဒသမ ၅၃၁ သန်း စုစုပေါင်းငွေကျပ် ၃၀ ဒသမ ၅၃၁ သန်းဖြင့် ဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သုတ**

## ကြိုးစားသင်ပါ မြတ်ပညာ

- မြတ်ပညာ ကြိုးစားပေး
ရိုးသားမနေး ဘဝမှာ၊
မောင်မယ်တွေ အနာဂတ်
ဖြောင့်မတ်ဖို့ရာ၊
ပျင်းရိစိတ် ရှောင်ဖယ်ကာ
ပန်းတိုင်သာ အရောက်လှမ်း၊
ဘဝကို ယုံကြည်ချက်ဖြင့်
ရှေ့ဆက်ကြိုးပမ်း။

- မြတ်ပညာ ရဲရင့်စွမ်းမှ
ပွဲတင့်လန်း ထာဝစဉ်၊
ပညာသည် အမြတ်တရား
မှတ်သားကာပင်၊
ဖွဲလုံ့လ ဝီရိယယှဉ်
လူ့ဘဝတွင် နေထိုင်ရင်း၊
အဖိုးတန် လူသားအဖြစ်ကို
ထုဆစ်ပါမင်း။

- စိတ်သန္တာန် နှလုံးတွင်း
ပျင်းရိခြင်း ရှောင်ကြဉ်ပယ်၊
ပညာကို တန်ဖိုးထားလို့
ကြိုးစားကြကွယ်၊
အောင်မြင်မှု ပန်းတိုင်ရယ်
လှမ်းနိုင်မယ် ဘယ်မလွဲ၊
ရည်မှန်းရာ ပန်းတိုင်ရောက်လို့
ထွန်းတောက်အောင်ပွဲ။ ။

ရဲသွေးနီ(တက်ဝန်)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ယူကရိန်းမောင်းသူမဲ့လေယာဉ် ၁၄၂ စင်း ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များပစ်ချ

**မော်စကို ဇူလိုင် ၂၀**

ဇူလိုင် ၁၉ ရက် ညပိုင်းတွင် ယူကရိန်းနိုင်ငံက စေလွှတ်ခဲ့သော မောင်းသူမဲ့လေယာဉ်၁၄၂ စင်းကို လေကြောင်းရန်ကာကွယ်ရေးတပ်များက ပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များ ပစ်ချခဲ့သော မောင်းသူမဲ့လေယာဉ်များထဲတွင် မော်စကိုမြို့ဆီသို့ စေလွှတ်လိုက်သည့် မောင်းသူမဲ့လေယာဉ် ၂၇ စင်းလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါမောင်းသူမဲ့လေယာဉ်အများစုကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များက ရုရှားနိုင်ငံ၏ ဥရောပဘက်အခြမ်းနယ်မြေများ၌ ပစ်ချခဲ့ရခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယူကရိန်းမောင်းသူမဲ့လေယာဉ်များကြောင့် မော်စကိုမြို့တွင်ရှိ အဓိကလေဆိပ်လေးခုရှိ လေယာဉ်ခရီးစဉ်များ ကမောက်ကမဖြစ်ခဲ့ရသည်။

ရုရှားမီဒီယာများ၏အဆိုအရ ယူကရိန်း မောင်းသူမဲ့လေယာဉ်များကြောင့် မော်စကိုလေဆိပ်လေးခုတို့မှာ လေကြောင်းခရီးစဉ် ၁၃၄ ခုကို လမ်းကြောင်းများ လွှဲပေးခဲ့ရသည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် သုံးနှစ်ကျော်ကြာမြင့်နေပြီ ဖြစ်သော ယူကရိန်းပဋိပက္ခအတွင်း မောင်းသူမဲ့လေယာဉ်များကို တွင်တွင်ကျယ်ကျယ်အသုံးချလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဗီယက်နမ်နိုင်ငံ ဟာလောင်းပင်လယ်ကွေ့၌ အပျော်စီးရေယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**ဟန္နိုင်း ဇူလိုင် ၂၀**

ဗီယက်နမ်နိုင်ငံ ဟာလောင်းပင်လယ်အော်၌ အပျော်စီးရေယာဉ် တစ်စီး တိမ်းမှောက်မှုကြောင့် သေဆုံးသူ အရေအတွက်မှာ အနည်းဆုံး ၃၈ ဦးထိရှိလာပြီဖြစ်ကြောင်း ဗီယက်နမ်တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ဗီယက်နမ်ခရီးသည် ၄၈ ဦးနှင့် ရေယာဉ်အမှုထမ်း ငါးဦး လိုက်ပါလာသည့် အဆိုပါအပျော်စီးရေယာဉ်သည် ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ် တိမ်းမှောက်မှုကြောင့် သေဆုံးသူ အနည်းဆုံး ၃၈ ဦးရှိခဲ့ပြီး ငါးဦးပျောက်ဆုံးနေကြောင်း ဗီယက်နမ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့ရာတွင် ရှာဖွေကယ်ဆယ်ရေးရေယာဉ်များက အဆိုပါ အပျော်စီးရေယာဉ်ပေါ် လိုက်ပါလာသူများအနက် ၁၀ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဟန္နိုင်းမြို့နှင့် ၁၃၅ မိုင်အကွာတွင်တည်ရှိသည့် ဟာလောင်းပင်လယ်ကွေ့သည် အပျော်စီးလှေခရီးစဉ်များကြောင့် ထင်ရှားပြီး နှစ်စဉ်ခရီးသွား ဧည့်သည်ထောင်ပေါင်းများစွာကို ဆွဲဆောင်နေသည့်ခရီးသွားနယ်မြေဖြစ်သည်။

၂၀၁၁ ခုနှစ်ကလည်း ဟာလောင်းပင်လယ်ကွေ့၌ အပျော်စီးရေယာဉ် တစ်စီးတိမ်းမှောက်ခဲ့ရာ လူပေါင်း ၁၂ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဂျပန်နိုင်ငံ၌ အထက်လွှတ်တော်ရွေးကောက်ပွဲကျင်းပ



**တိုကျို ဇူလိုင် ၂၀**

ပြိုင်ဆိုင်မှုပြင်းထန်နိုင်သည့် အထက်လွှတ်တော်ရွေးကောက်ပွဲများကို ဂျပန်နိုင်ငံ၌ ယနေ့တွင် ကျင်းပခဲ့ရာ ဂျပန်ပြည်သူများ ပါဝင်မဲပေးခဲ့ကြသည်။

ပြည်တွင်း ကုန်ဈေးနှုန်းများမြင့်တက်နေမှု၊ လူဝင်မှုပြဿနာအတွက် ဂျပန်ပြည်သူများ စိုးရိမ်လာမှုပြဿနာများကြောင့် ဝန်ကြီးချုပ် အီရှီဘာ ဦးဆောင်သော ဂျပန်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံရေးအရ အခက်ကြုံနေရချိန်တွင် အထက်လွှတ်တော် ရွေးကောက်ပွဲ ကျင်းပနေခြင်းဖြစ်သည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက်များအရ ယနေ့ အထက်လွှတ်တော်ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် အီရှီဘာ၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအနေဖြင့် လွှတ်တော်ကို အမတ်နေရာ အများစုဖြင့် ထိန်းချုပ်နိုင်စွမ်းကို လက်လွှတ်ဆုံးရှုံးရဖွယ်ရှိသည်။

ဝန်ကြီးချုပ် အီရှီဘာ၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ယခုနှစ်အောက်တိုဘာလအတွင်း ကျင်းပခဲ့သည့် ဂျပန်အောက်လွှတ်တော် ရွေးကောက်ပွဲတွင်လည်း အမတ်နေရာအများစုဖြင့် လွှတ်တော်ကို ထိန်းချုပ်ထားနိုင်စွမ်းဆုံးရှုံးထားသည်။

အောက်လွှတ်တော်ရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ရမှုသည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအတွက် ၁၅ နှစ်ကာလအတွင်း အဆိုးရွားဆုံး ရွေးကောက်ပွဲရလဒ် ဖြစ်ခဲ့ရသည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက်ပိုင်း ကာလတစ်လျှောက်လုံးနီးပါး ဂျပန်နိုင်ငံကို ဦးဆောင်ခဲ့သော နိုင်ငံရေးပါတီဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အစ္စရေးနှင့်ပဋိပက္ခများဖြစ်ပွားစဉ် ပျက်စီးခဲ့ရသော လေကြောင်းရန်ကာကွယ်ရေးစနစ်များ အီရန်အစားထိုးလဲလှယ်

**တီဟီရန် ဇူလိုင် ၂၀**

ပြီးခဲ့သည့်လအတွင်း အစ္စရေးနှင့်ပဋိပက္ခများဖြစ်ပွားစဉ် ပျက်စီးခဲ့ရသည့်လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အစားထိုးလဲလှယ်ထားပြီးဖြစ်ကြောင်း အီရန်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဇွန်လအတွင်းဖြစ်ပွားခဲ့သော ပဋိပက္ခများ၌ အစ္စရေးလေတပ်သည် အီရန်လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ဖျက်ဆီးနိုင်ခဲ့ပြီး အီရန်ဝေဟင်ကို ထိန်းချုပ်ထားနိုင်ခဲ့သည်။



သို့ရာတွင် အီရန်နိုင်ငံကလည်း ၁၂ ရက်ကြာပဋိပက္ခအတွင်း အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် အဆက်မပြတ်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အစ္စရေးနှင့် ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွင်း လေကြောင်းကာကွယ်ရေးစနစ်အချို့ဖျက်ဆီးခံခဲ့ရကြောင်း အီရန်တပ်မတော် တာဝန်ရှိသူများက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

၁၂ ရက်ကြာ ပဋိပက္ခမတိုင်မီကာလက အီရန်နိုင်ငံသည် ပြည်တွင်းထုတ် ဘာဗာ-၃၇၃ အမျိုးအစား လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ရုရှားနိုင်ငံထုတ် အက်စ်-၃၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပိုင်ဆိုင်ထားသည်။

အစ္စရေးနှင့်ပဋိပက္ခဖြစ်ပွားစဉ် ဖျက်ဆီးခံခဲ့ရသော လေကြောင်းရန်ကာကွယ်ရေး စနစ်များကို သင့်လျော်သည့်နေရာများ၌ သိုလှောင်ထားသောလေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် အစားထိုးထားပြီးဖြစ်ကြောင်း အီရန်တပ်မတော် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : RT

Trs : KKO

## လော့အိန်ဂျလိစ်မြို့၌ လူအုပ်ကို မော်တော်ယာဉ်ဝင်တိုက်မှုဖြစ်ပွား အနည်းဆုံး လူပေါင်း ၃၀ ဒဏ်ရာများရရှိ

**နယူးယောက် ဇူလိုင် ၂၀**

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့၌ နိုက်ကလပ်တစ်ခုပြင်ပတွင်စုရုံးနေသော လူအုပ်စုကို မော်တော်ယာဉ်တစ်စီးက ဇူလိုင် ၁၉ ရက်တွင်ဝင်တိုက်ခဲ့ရာ အနည်းဆုံးလူပေါင်း ၃၀ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

လူအုပ်ကို မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခဲ့သည့် ယာဉ်မောင်းအမျိုးသားကို လမ်းသွားလမ်းလာများက မော်တော်ယာဉ်ပေါ်မှဆွဲချ ရိုက်နှက်ခဲ့ကြပြီး သေနတ်ဖြင့်လည်း ပစ်ခတ်ခဲ့ကြောင်း လော့အိန်ဂျလိစ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ယာဉ်မောင်းအမျိုးသားကို ရဲတပ်ဖွဲ့ကထိန်းသိမ်း၍ လူသတ်မှုကျူးလွန်ရန် ကြိုးပမ်းမှုဖြင့် တရားစွဲဆိုရန် စဉ်းစားနေကြောင်း သိရသည်။

ယင်းအပြင် ယာဉ်မောင်းအမျိုးသားကို သေနတ်ဖြင့်ပစ်ခတ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်သွားသည့် အမျိုးသားကိုလည်း ရဲတပ်ဖွဲ့က ရှာဖွေနေကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သေနတ်ဒဏ်ရာ ရရှိခဲ့သည့် ယာဉ်မောင်းအမျိုးသားကို လက်ရှိတွင် ဆေးရုံတင်ထားပြီး အခြေအနေ ကောင်းမွန်နေကြောင်း သိရသည်။

လူအုပ်ကို ယာဉ်ဝင်တိုက်မှုကြောင့် ဒဏ်ရာရသူများအနက် အနည်းဆုံး ခုနစ်ဦးမှာ အခြေအနေ စိုးရိမ်ရပြီး ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အရွယ်အစားကျုံ့ဝင်နေသည့် ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များတွေ့ရှိ



**ဝါရှင်တန် ဇူလိုင် ၂၀**

ကိုယ်ထည် အရွယ်အစား ကျုံ့ဝင်နေသည့် ပေါ်ထွက်ခါစ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

TOI-1227 b ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၃၃၃ အကွာတွင်ရှိသည့် TOI-1227 အမည်ရှိ ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-1227 b ဂြိုဟ်သည် အရွယ်အစားအားဖြင့် နေအဖွဲ့အစည်းရှိ ကြာသပတေးဂြိုဟ်အရွယ်အစားမျှရှိသော်လည်း မိခင်ကြယ်၏ X-ray ရောင်ခြည်ရိုက်ခတ်မှုများကြောင့် သေးငယ်၍ ပူပြင်းခြောက်သွေ့သော ဂြိုဟ်တစ်စင်းအဖြစ်သို့အရွယ်အစားကျုံ့ဝင်နေကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

TOI-1227 ကြယ်၏ X-ray ရောင်ခြည်ရိုက်ခတ်မှုကြောင့် TOI-1227 b ဂြိုဟ်၏ လေထုလွှာမှာ တဖြည်းဖြည်း ပျောက်ကွယ်နေသည်ဖြစ်ရာ လာမည့်နှစ်ပေါင်း တစ်ဘီလီယံအတွင်း TOI-1227 b ဂြိုဟ်အနေဖြင့် လေထုလွှာတစ်ခုလုံးကို ဆုံးရှုံးမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

TOI-1227 b ဂြိုဟ်နှင့် မိခင်ကြယ်တို့ကြား အကွာအဝေးမှာ နေနှင့် ဗုဒ္ဓဟူးဂြိုဟ်ကြား အကွာအဝေး၏ ငါးပုံတစ်ပုံခန့်သာရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ညအိပ်ပျော်ရန် အခက်အခဲရှိသူများ၌ နာတာရှည်ရောင်ရမ်းမှုပြဿနာရှိနေပါက စိတ်ကျဝေဒနာခံစားရနိုင်ခြေမြင့်တက်နိုင်

**နယူးယောက် ဇူလိုင် ၂၀**

ညပိုင်းအိပ်ပျော်ရန် အခက်အခဲရှိသူများအနေဖြင့် နာတာရှည်ရောင်ရမ်းမှု ပြဿနာရှိနေပါက စိတ်ကျဝေဒနာခံစားရနိုင်ခြေ ပုံမှန်ထက် မြင့်မားနေတတ်ကြောင်း ဇူလိုင် ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ညပိုင်းအိပ်ပျော်ရန် အခက်အခဲရှိသူ သက်ကြီးပိုင်းများအနေဖြင့် ရောင်ရမ်းမှုပြဿနာရှိခဲ့ပါက စိတ်ကျရောဂါခံစားရနိုင်ခြေ ပုံမှန်ထက် သုံးဆမြင့်တက်လာနိုင်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်(လော့စ်အိန်ဂျလိစ်)မှ အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ညဘက်အိပ်မပျော်နိုင်မှုပြဿနာရှိသူ ၅၃ ဦးပါဝင်သည့် အသက် ၆၀ အထက် လူပေါင်း ၁၆၀ ကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

လက်တွေ့စမ်းသပ်မှုတွင် ပါဝင်သော လူနာများကို ရေတိုကိုယ်တွင်းရောင်ရမ်းမှုဖြစ်စေတတ်သော Endoxin ခေါ် ဆေးဝါးတစ်မျိုး တိုက်ကျွေး၍ စောင့်ကြည့်ခဲ့သည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ညပိုင်းအိပ်မရမှုပြဿနာရှိနေသူများ၌ ကိုယ်တွင်းရောင်ရမ်းမှုပြဿနာရှိခဲ့ပါက စိတ်ကျရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် သုံးဆမြင့်တက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## နာဆာ၏ ESCAPADE အာကာသယာဉ် နှစ်စင်းကို New Glenn ဒုံးပျံဖြင့် ဘလူးအော်ရီဂျင်ကုမ္ပဏီ လွှတ်တင်မည်

**ဝါရှင်တန် ဇူလိုင် ၂၀**

New Glenn ဒုံးပျံ၏ ဒုတိယမြောက်မစ်ရှင်တွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ESCAPADE အာကာသယာဉ်နှစ်စင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ လွှတ်တင်မည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီက ဇူလိုင် ၁၉ ရက်တွင် ဖော်ပြထားသည်။

နာဆာအဖွဲ့သည် မူလက ESCAPADE အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်နှစ်စင်းကို မူလက ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် New Glenn ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း ပြင်ဆင်မှုပိုင်းဆိုင်ရာ ပြဿနာများကြောင့် အစီအစဉ် ပျက်ခဲ့ရသည်။



သို့ရာတွင် New Glenn ဒုံးပျံ၏ ဒုတိယမြောက်မစ်ရှင်တွင် နာဆာ၏ ESCAPADE အာကာသယာဉ်နှစ်စင်းကို လွှတ်တင်ပေးမည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့ရာတွင် New Glenn ဒုံးပျံသစ်၏ ဒုတိယမြောက်မစ်ရှင် လွှတ်တင်မည့်အချိန်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီမှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## တိုက်ဖွိုက်ရောဂါ ဗက်တီးရီးယားများက ပဋိဇီဝဆေးဒဏ်ခံနိုင်သော မျိုးဗီဇပြောင်းလဲလာ

**နယူးယောက် ဇူလိုင် ၂၀**

အူရောင်ငန်းဖျားရောဂါ(တိုက်ဖွိုက်)ဖြစ်ပွားစေသည့် Salmonella Enterica Serovar Typhi (S.Typhi) ခေါ် ဗက်တီးရီးယားများက အသုံးများသည့် ပဋိဇီဝဆေးဒဏ်ခံနိုင်ရည်ရှိသော ဗက်တီးရီးယားအဖြစ် ပြောင်းလဲလာကြောင်းသုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇူလိုင်၁၉ရက်တွင်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါနှင့် ပါကစ္စတန်နိုင်ငံတို့မှ တိုက်ဖွိုက်လူနာများထံမှရယူထားသည့် S.Typhi ဗက်တီးရီးယား နမူနာ ၇၆၀၀ ကျော်၏ မျိုးဗီဇများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ S.Typhi ဗက်တီးရီးယားများမှာ ပဋိဇီဝဆေးဒဏ်ခံနိုင်ရည်ရှိလာသောဗက်တီးရီးယားများအဖြစ် မျိုးဗီဇပြောင်းလာသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။


ထို့ပြင် S.Typhi ဗက်တီးရီးယား၏ မျိုးဗီဇပြောင်းလဲမှုနှုန်းမှာ ခေတ်သစ်ပဋိဇီဝဆေးများ လိုက်မမီနိုင်လောက်အောင် မြန်ဆန်နေကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

တိုက်ဖွိုက်ရောဂါကို တစ်ကမ္ဘာလုံး အတိုင်းအတာအရ လူပေါင်း ၁၁ သန်းထိ နှစ်စဉ်ခံစားနေရပြီး သေဆုံးမှုနှုန်းမှာလည်း နှစ်စဉ် ၁၀၀၀၀၀ ခန့်ထိရှိသည်။

သို့ရာတွင် S.Typhi ဗက်တီးရီးယားများ မျိုးဗီဇပြောင်းလဲလာမှုကြောင့် တိုက်ဖွိုက်ရောဂါကို ကုသရာတွင်အသုံးပြုနေသည့် ပဋိဇီဝဆေးများ ထိရောက်မှုမှာ ကျဆင်းသွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## ဂြိုဟ်စနစ်တစ်ခု စတင်မွေးဖွားလာမှုကို သိပ္ပံပညာရှင်များတွေ့ရှိထား



**ဝါရှင်တန် ဇူလိုင် ၂၀**

တစ်နေ့နေ့တစ်ချိန်ချိန်တွင် နေအဖွဲ့အစည်းကဲ့သို့ ဂြိုဟ်စနစ်တစ်ခုဖြစ်နိုင်မည့် ဂြိုဟ်စနစ်တစ်ခု စတင်မွေးဖွားလာမှုကို သိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိထားကြောင်း ဇူလိုင် ၁၉ ရက် သတင်းများတွင်ဖော်ပြထားသည်။

အဆိုပါဂြိုဟ်စနစ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၃၀၀ ခန့်အကွာတွင်ရှိသော HOPS-315 အမည်ရှိကြယ်တစ်စင်း၏ဝန်းကျင်၌ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

HOPS-315 ဂြိုဟ်စနစ်ကို အမေရိကန်နိုင်ငံ ပိုင်ဒန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ချီလီအခြေစိုက် အယ်လ်မာရေဒီယိုတယ်လီစကုပ်နှင့် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်၏အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကြယ်တာရာဟင်းလင်းပြင်အတွင်းရှိ ဓာတ်ငွေ့နှင့်ဖုန်မှုန့်များ ဒြပ်ဆွဲအားကြောင့် ပြိုကွဲ၍ အေးခဲသိပ်သည်းသွားချိန်တွင် ကြယ်သစ်များ ပေါ်ထွက်လာတတ်သည်။

အဆိုပါကြယ်သစ်များ၏ ပတ်ပတ်လည်ရှိ ဓာတ်ငွေ့နှင့်ဖုန်မှုန့် ချပ်တိုးလွှာနယ်မြေအတွင်း ဂြိုဟ်များ ဖွဲ့စည်းဖြစ်ပေါ်လာတတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

HOPS-315 ကြယ်စနစ်ကို လေ့လာခြင်းဖြင့် နေအဖွဲ့အစည်း စတင်ဖြစ်ပေါ်လာပုံကို ပိုနားလည်လာနိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# The Open Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို စကော့တီရှက်ဖလာ ဆက်လက်ဦးဆောင်

အီဒင်ဘာ့ဂ် ဇူလိုင် ၂၀

စကော့တလန် နိုင်ငံတွင် ကျင်းပနေသည့် ဂေါက်သီးရိုက် လောက၏ အဓိကပြိုင်ပွဲတစ်ရပ်ဖြစ်သော The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်ဂေါက်သီးရိုက်ကစားသမား လီဟောက်တန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသလို အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖစ်ဖ်ပက်ထရစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ထားနိုင်သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် ဒုတိယနေ့က စွမ်းဆောင်ရည်အား ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သလို လီဟောက်တန်ကလည်း အကောင်းဆုံးပုံစံဖြင့် စကော့တီရှက်ဖလာအား ဖိအားပေးထားနိုင်သည်။

ပထမနေ့နှင့် ဒုတိယနေ့တို့တွင် ပုံစံကောင်းပျောက်ဆုံးခဲ့သည့် မက်အီလ်ရွိုင်းသည်လည်း စွမ်းဆောင်ရည် တိုးတက်လာပြီး ရလဒ် ပြန်ကောင်းလာကာ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ထားနိုင်ခဲ့သည်။

လီဟောက်တန် သည်လည်း ထူးခြားစွာဖြင့် ရလဒ်ပိုင်းကောင်း မွန်နေပြီး ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့မည်ဆိုပါက အဓိကဆုဖလားကို ပထမဆုံးဆွတ်ခူးနိုင်ခဲ့သည့် တရုတ်ဂေါက်သီးရိုက်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားမည်ဖြစ်သော်လည်း စကော့တီရှက်ဖလာသည် ပါဝင်ယှဉ်ပြိုင်သောပြိုင်ပွဲများတွင် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရသွားပါက လိုက်မမီရန် ခက်ခဲသွားပြီဖြစ်ကြောင်း မက်အီလ်ရွိုင်းက ဝန်ခံပြောကြားခဲ့သည်။

Ref : RT

Trs : AZL



## အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်းက ဖရန့်ဖတ်အသင်းတိုက်စစ်မှူး အီကီတိုက်ကိုခေါ်ယူရန် ပြောင်းရွှေ့ကြေး ယူရို သန်း ၉၀ကျော်ဖြင့် သဘောတူညီမှုရခဲ့ပြီး ကစားသမားကို ၂၀၃၁ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။
- နယူးကာဆယ်အသင်းသည် တိုက်စစ်မှူး အစ်ဆက်ခ်ကို စာချုပ်သစ်ချုပ်ဆိုရန် လုပ်ခလစာတိုးမြှင့်ကမ်းလှမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် အသင်းမှထွက်ခွာရန် စီစဉ်နေသောကြောင့် အယ်ဟိုင်လာအသင်းနှင့် လီဗာပူးအသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ရာသီကြိုခြေစမ်းပွဲကစားမည့် အာရှခရီးစဉ်တွင် လူငယ်အသင်းမှ ခြေစွမ်းပြကစားသမား ကိုးဦးထိခေါ်ယူမည်ဖြစ်ကြောင်း ဘာစီလိုနာနည်းပြ ဖလစ်က အတည်ပြုပြောကြားခဲ့သည်။

ML

# အမျိုးသမီးယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီအသင်းက ပြင်သစ်အသင်းကို အနိုင်ရရှိ



ဘာလင် ဇူလိုင် ၂၀

အမျိုးသမီး ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြင်သစ်အသင်းနှင့် ဂျာမနီအသင်းတို့ ကစားခဲ့ရာ ဂျာမနီအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး ငါးဂိုးဖြင့် နိုင်ပွဲရခဲ့သဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပြင်သစ်အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ပွဲကတည်းက ဖိအားပေးနိုင်ခဲ့သည့်အတွက် ပွဲကစားချိန် ၁၃ မိနစ်တွင် ဂျာမနီအသင်း ခံစစ်ကစားသမား ကက်သရင်း ဂျူလီယာ ပင်နယ်တီဧရိယာအတွင်း ကစားပုံကြမ်းတမ်းမှုကြောင့် တိုက်ရိုက်အနီကတ်ပြခံရပြီး ပင်နယ်တီခွင့်ပြုပေးရသဖြင့် ပြင်သစ်အသင်း ကစားသမား ဂီယိုရိုကန်သွင်းခဲ့ကာ ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၂၅ မိနစ်အရောက်တွင် ဂျာမနီအသင်းက တန်ပြန်တိုက်စစ်မှ နူစကန်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ပြင်သစ်အသင်းကသာ ဆက်တိုက်ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် ၅၇ မိနစ်တွင် ဂီယိုရို ဂိုးရခဲ့သော်လည်း VAR ဖြင့် ပယ်ဖျက်ခံရသဖြင့် ဂျာမနီအသင်း သက်သာရာရခဲ့ပြီး ပွဲချိန် ၆၉ မိနစ်အရောက်တွင် တန်ပြန်တိုက်စစ်မှ ဂျာမနီအသင်း ပင်နယ်တီအခွင့်အရေးရခဲ့သော်လည်း နူစကန် လွဲချော်ခဲ့သဖြင့် ဦးဆောင်ဂိုးရမည့်အခွင့်အရေးနှင့် လွဲချော်ခဲ့ကာ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ပြီး အချိန်ပို ဆက်လက်ကစားခဲ့ရာ ဂိုးမရခဲ့သောကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီအဆုံးအဖြတ်တွင် ဂျာမနီအသင်း စတင်ကန်သွင်းခွင့်ရခဲ့ကာ ခုနစ်ကြိမ်စီတွင် ခြောက်ကြိမ်ဂိုးရခဲ့ပြီး ပြင်သစ်အသင်းက ခုနစ်ကြိမ်တွင် ငါးကြိမ်သာ ဂိုးရခဲ့သဖြင့် ဂျာမနီအသင်းက ခြောက်ဂိုး ငါးဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ ရောက်ရှိခဲ့ပြီး ဆီမီးဖိုင်နယ်တွင် စပိန် အမျိုးသမီးအသင်းနှင့် တွေ့ဆုံနေကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# အေဗီလာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ရော်ဂျာကို ခေါ်ယူရန် ချဲလ်ဆီးအသင်းက ကစားသမားအလိုက်ပေးကမ်းလှမ်းမှုပြုလုပ်

လန်ဒန် ဇူလိုင် ၂၀

ချဲလ်ဆီးအသင်းသည် ကွင်းလယ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် ကွင်းလယ်တိုက်စစ်ကစားသမားတစ်ဦးဖြစ်သည့် အေဗီလာအသင်းမှ လူငယ်ကစားသမား ရော်ဂျာကို ကစားသမားအလိုက် ပေးကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ချဲလ်ဆီးအသင်း အနေဖြင့် ရော်ဂျာကို ခေါ်ယူရန်အတွက် အသင်းမှ ခံစစ်ကစားသမားများဖြစ်သည့် အဒါရာဘီအိုယီ၊ ချာလိုဘတ်၊ ဘာဒီယာရှီးတို့ကို အလိုက်ပေးကမ်းလှမ်းမှုပြုလုပ်ထားသော်လည်း အေဗီလာအသင်းက ချဲလ်ဆီးအသင်းမှ တိုက်စစ်မှူး ဂျက်ဆန်နှင့် အန်ဒရီဆန်းတို့ကို နှစ်ဦးကိုသာ စိတ်ဝင်စားနေသဖြင့် ညှိနှိုင်းမှုများ ထပ်မံပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ရော်ဂျာသည် ၂၀၂၄ ခုနှစ် မစ်ဒယ်ဘရော့အသင်းမှ အေဗီလာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပွဲဦးထွက် ဘောလုံးရာသီတွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ရသော်လည်း ပြိုင်ပွဲစုံ ၁၆ ပွဲတွင် သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်နိုင်ခဲ့သဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြအမ်မရီ၏ တိုက်စစ်ပိုင်းတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရခဲ့ရာ ပြိုင်ပွဲစုံ ၅၄ ပွဲတွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၃ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။

ရော်ဂျာသည် ကွင်းလယ်တိုက်စစ်ပိုင်းတွင်သာမက ဘယ်၊ ညာ တောင်ပံတိုက်စစ်နှင့်အထောင်တိုက်စစ်ပိုင်းတို့တွင်လည်း ပါဝင်ကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သောကြောင့် နည်းပြမာရက်စ်ကာ၏ ကစားကွက်နှင့် ကိုက်ညီသည့် ကစားသမားဖြစ်သည့်အတွက် ခေါ်ယူရန်ပစ်မှတ်ထားခံရပြီး ချဲလ်ဆီးအသင်းအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများကြောင့် ငွေကြေးသုံးစွဲလိုခြင်း မရှိသဖြင့် အသင်းမှ ကစားသမားအချို့နှင့် အလဲအထပ်ပြုလုပ်ရန် ဆွေးနွေးနေကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# Mifel Tennis Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရှာပိုဗာလော့ဗ် ဆွတ်ခူး

မက္ကဆီကိုစီးတီး ဇူလိုင် ၂၀

မက္ကဆီကိုနိုင်ငံတွင်ကျင်းပခဲ့သည့် Mifel Tennis Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကနေဒါ တင်းနစ်ကစားသမား ရှာပိုဗာလော့ဗ်နှင့် အမေရိကန်တင်းနစ်ကစားသမား ကိုဗာစီဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှာပိုဗာလော့ဗ်က (၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



ရှာပိုဗာလော့ဗ်နှင့် ကိုဗာစီဗစ်တို့၏ပွဲစဉ်သည် ပွဲချိန် ၇၁ မိနစ်အထိ ကြာမြင့်ခဲ့ပြီး ရှာပိုဗာလော့ဗ်အတွက် ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးရရှိခဲ့သည့် ဆုဖလားလည်းဖြစ်သည်။

ရှာပိုဗာလော့ဗ် အနေဖြင့် ပထမပွဲငယ်တွင် ကိုဗာစီဗစ်အား အကြိတ်အနယ် ကစားခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

ကိုဗာစီဗစ်အနေဖြင့် Ace ရိုက်ချက်နှစ်ကြိမ်ရရှိခဲ့ပြီး Double faults နှစ်ကြိမ်ရှိခဲ့သော်လည်း ရှာပိုဗာလော့ဗ်က အမှားကင်းစွာ ကစားနိုင်ခဲ့သည့်အတွက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုဗာစီဗစ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ခြေအဆင့်(၁) အဖြစ် သတ်မှတ်ခံထားရသူ ရုရှားတင်းနစ်ကစားသမား ရူဘလက်ဖ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ကိုဗာစီဗစ်က (၃-၆၊ ၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ရှာပိုဗာလော့ဗ်အတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် သုံးလုံးမြောက်ရရှိခဲ့သည့် ဆုဖလားဖြစ်ကြောင်းလည်း သိရသည်။

ရှာပိုဗာလော့ဗ်က “ကစားသမားဘဝအတွက် သုံးလုံးမြောက်ဆုဖလားဖြစ်ပါတယ်။ ဒီရာသီအတွက်တော့ ပထမဆုံးရရှိခဲ့တဲ့ ဆုဖလားလဲဖြစ်ပါတယ်။ ဒီရာသီအတွင်း ပုံစံကောင်းပျောက်ဆုံးနေတဲ့အတွက်ကြောင့် ရလဒ်ကောင်းရဖို့ တော်တော်လေးကိုခက်ခဲနေခဲ့တယ်။ ပြင်ဆင်လေ့ကျင့်မှုတွေသေချာလုပ်ထားလဲ အဆင်မပြေခဲ့ဘူး။ မက္ကဆီကိုမြေမှာတော့ ကျွန်တော့်အတွက် ဝမ်းသာစရာအောင်မြင်မှုတစ်ခုကို ရယူနိုင်ခဲ့ပါပြီ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း တရုတ်နိုင်ငံသို့ ခြေစမ်းခရီးစဉ်သွားရောက်




ရန်ကုန် ဇူလိုင် ၂၀

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်နိုင်ငံသို့ လေ့ကျင့်ရေး ခြေစမ်းပွဲခရီးစဉ် ထွက်ခွာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်နိုင်ငံ လေ့ကျင့်ရေး ခြေစမ်းပွဲခရီးစဉ်အဖြစ် ဇူလိုင် ၂၁ ရက်မှ ၃၀ ရက်ထိ တရုတ်နိုင်ငံတွင် အခြေချကာ စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်ပြီး လေ့ကျင့်ရေးခရီးစဉ်ကာလအတွင်း ခြေစမ်းပွဲစဉ်များကိုလည်း ကစားသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံသို့ လေ့ကျင့်ရေးခရီးစဉ်တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၌ ကစားသမား ၂၄ ဦး လိုက်ပါခဲ့ကြပြီး မလေးရှား ကလပ် ဆာဘားအသင်းတွင် ကစားနေသည့် ဝင်းသီရိထွန်းမှာ လေ့ကျင့်ရေးခရီးစဉ်ကို လိုက်ပါနိုင်မည်မဟုတ်ဘဲ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ပြီးမှသာ အသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်သည်။

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဗီယက်နမ်နိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲကို လာမည့် သြဂုတ် ၆ ရက်မှ ၁၉ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဖိလစ်ပိုင်အသင်း၊ တီမောလက်စ်တေအသင်း၊ ဩစတြေးလျ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေကြောင်း သိရသည်။ STA

# ဂိုးသမားပစ်ဖို့ဒ်ကို လေးနှစ်သက်တမ်းတိုးရန် အဲဗာတန်အသင်း သဘောတူညီမှုရရှိ

လန်ဒန် ဇူလိုင် ၂၀

အဲဗာတန် အသင်းသည် စာချုပ်သက်တမ်း ကုန်ဆုံးရန် နှစ်နှစ်ကျန်ရှိသေးသည့် ဂိုးသမား ပစ်ဖို့ဒ်ကို လုပ်ခလစာတိုးမြှင့်၍ လေးနှစ်သက်တမ်း တိုးနိုင်ရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ ဂိုးသမား ပစ်ဖို့ဒ်သည် အသင်း၏ အဓိက ဦးစားပေး ဂိုးသမားဖြစ်သည့်အတွက် ကစားသမားအနေဖြင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းဥက္ကဋ္ဌက ၎င်းကို ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ထားသဖြင့် တစ်နှစ်လုပ်ခလစာ စတာလင်ပေါင် ခြောက်သန်းဖြင့် ၂၀၂၉ ခုနှစ်ထိ လုပ်ခလစာတိုးမြှင့်၍ သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။

ပစ်ဖို့ဒ်သည် အဲဗာတန်အသင်းနှင့်အတူ ကစားခဲ့ရာတွင် ၂၀၂၂ ခုနှစ်နောက်ပိုင်း ပရီးမီးယားလိဂ် ပွဲစဉ်များကို လွဲချော်ခဲ့ခြင်းမရှိသည့်အပြင် အကောင်းဆုံး ကာကွယ်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ် အကောင်းဆုံး ဂိုးသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်ပြီး ထိပ်တန်းအဆင့် ပြိုင်ပွဲများတွင် အသင်းနှင့်အတူ ပွဲ ၃၂၀ ထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။

၎င်းသည် အင်္ဂလန်လက်ရွေးစင်အသင်းတွင်လည်း ပြိုင်ပွဲစုံ ၇၆ ပွဲထိ ပါဝင်ကစားခွင့်ရခဲ့ပြီး ဂိုးသမား နစ်ပုပ်၊ ဂိုးသမား ရမ်ဒေး၊ ဂိုးသမား ဟန်ဒါဆန်၊ ဂိုးသမား ဆမ်ဂျွန်စတုန်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း လက်ရှိအချိန်ထိ အင်္ဂလန်အသင်း၏ နံပါတ်တစ်ဂိုးသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : The sun

Trs : ML




# ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံလုပွဲတွင် အူဆက်ခ်က ဒူဘွိုက်စ်ကို အလဲထိုးဖြင့်အနိုင်ရရှိ ဖယ်သာဝိတ်တန်းစိန်ခေါ်ပွဲဖြစ်သည့် ပက်ကီအိုတို့ပွဲစဉ်တွင် သရေရလဒ်ဖြင့်အဆုံးသတ်

လန်ဒန် ဇူလိုင် ၂၀

ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် WBA (Super)၊ WBC၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ယူကရိန်းလက်ဝှေ့သမား အူဆက်ခ်နှင့် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား ဒူဘွိုက်စ်တို့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ဇူလိုင် ၁၉ ရက်တွင် ထိုးသတ်ခဲ့ရာ အူဆက်ခ်က အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိပြီး ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အူဆက်ခ်သည် ငါးချီမြောက်တွင် ဒူဘွိုက်စ်အား အလဲထိုးသတ်နိုင်ခဲ့ခြင်းဖြစ်ပြီး အူဆက်ခ်သည် ဟဲဗီးဝိတ်တန်းလောက၏ ပြိုင်ဘက်ကင်းချန်ပီယံ တစ်ယောက်ဖြစ်လာခဲ့သည်။

အူဆက်ခ်နှင့် ဒူဘွိုက်စ်တို့ အကြား ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်ပြီး ပထမအကြိမ်ထိုးသတ်ခဲ့စဉ်ကလည်း အူဆက်ခ်က အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကမ္ဘာ့ဟဲဗီးဝိတ်တန်းလောက၏ အကောင်းဆုံး လက်ဝှေ့သမားများ အားလုံးကို အနိုင်ယူထားသည့် အူဆက်ခ်အား စိန်ခေါ်ထိုးသတ်မည့် ပြိုင်ဘက်ရှားပါးသွားခဲ့ပြီလည်းဖြစ်သည်။

အခြားသောပွဲစဉ်တစ်ပွဲအဖြစ် WBC ဖယ်သာဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ဖိလစ်ပိုင် လက်ဝှေ့သမား ပက်ကီအိုနှင့် လက်ရှိချန်ပီယံ မာရီယိုတို့ ထိုးသတ်ခဲ့ရာ သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့သည့်အတွက် မာရီယိုက လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

လေးနှစ်အကြာမှ စိန်ခေါ်ပွဲ ပြန်လည်ထိုးသတ်ခဲ့သည့် ပက်ကီအို အနေဖြင့် အသက်အရွယ်အရ အကျပိုင်း ရောက်နေပြီဖြစ်သော်လည်း လက်ရှိချန်ပီယံအား အကောင်းဆုံး ဖိအားပေးထိုးသတ်နိုင်ခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့် အနက် ဒိုင်တစ်ဦးက (၁၁၅-၁၁၃) မှတ်ဖြင့် မာရီယိုကို အနိုင်ပေးခဲ့သော်လည်း ကျန်ဒိုင်နှစ်ဦးက (၁၁၄-၁၁၄) ရမှတ်သာ သတ်မှတ်လိုက်သည့်အတွက်ကြောင့် စည်းမျဉ်းအရ သရေရလဒ်အဖြစ်သာ အဆုံးသတ်ခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

# နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ပြီးနောက် ပိုလန်အသင်းအတွက် ပြန်လည်ကစားပေးရန် လီဝမ်ဒေါစကီးဆုံးဖြတ်



ဝါဆော ဇူလိုင် ၂၀

ပိုလန်အသင်းခေါင်းဆောင် လီဝမ်ဒေါစကီးက ပိုလန်အသင်း နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ပြီးနောက် ပိုလန်အသင်းအတွက် ပြန်လည် ကစားပေးရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လီဝမ်ဒေါစကီးသည် ပိုလန်အသင်းနည်းပြဟောင်း တစ်ဦးဖြစ်သည့် မီချယ်ပရိဘီယာ့ဇ်နှင့် အသင်းခေါင်းဆောင်ရာထူး ခန့်အပ်ခြင်းနှင့်ပတ်သက်ပြီး တင်းမာမှုများရှိလာခဲ့ပြီးနောက် လီဝမ်ဒေါစကီးက ပိုလန်အသင်းနည်းပြအဖြစ် မီချယ်ပရိဘီယာ့ဇ်ရှိနေသည့် ကာလတစ်လျှောက်လုံး ပိုလန်အသင်းတွင် ပါဝင်ကစားပေးမည်မဟုတ်ဟု အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါစကီးသည် ပိုလန်အသင်း ခေါင်းဆောင်အဖြစ် ကာလရှည်တာဝန်ယူခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ဇွန်လအတွင်းကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ (ဥရောပဇုန်) အုပ်စုပွဲစဉ်များ မကစားမီ နည်းပြ မီချယ်ပရိဘီယာ့ဇ်က လီဝမ်ဒေါစကီးကို အသင်းခေါင်းဆောင် ရာထူးမှ ဖယ်ရှားခဲ့သည့်အတွက် လီဝမ်ဒေါစကီးက အသင်းကစားသမားစာရင်းမှ ချက်ချင်းနုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

နည်းပြ မီချယ်ပရိဘီယာ့ဇ် အနေဖြင့်လည်း လီဝမ်ဒေါစကီးနှင့် တင်းမာမှုများရှိခဲ့ပြီးနောက် ပိုလန်အသင်း နည်းပြရာထူးမှ နုတ်ထွက်ခဲ့ရာတွင်လည်း အသင်းတိုးတက်မှုများ ရှိလာစေရန်အတွက် မိမိရာထူးနုတ်ထွက်ခဲ့ခြင်းဖြစ်သည်ဟု ကြေညာခဲ့သည်။

လီဝမ်ဒေါစကီးက ပိုလန်အသင်းနည်းပြသစ်အဖြစ် မည်သူကိုခန့်အပ်သည်ဖြစ်စေ၊ အသင်းခေါင်းဆောင်ရာထူး ပြန်လည်ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အသင်းအတွက် ပြန်လည်ပါဝင်ကစားပေးသွားမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ရီးရဲလ်မက်ဒရစ်အသင်းက အဆန်စီယိုကို ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုး စာချုပ်ချုပ်ဆို

မက်ဒရစ် ဇူလိုင် ၂၀

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ လူငယ်ဗဟိုခံစစ်ကစားသမား အဆန်စီယိုကို ကာလရှည်စာချုပ်တစ်ရပ်ဖြစ်သည့် ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိလူငယ်ကစားသမား အဆန်စီယိုသည် ရီးရဲလ်မက်ဒရစ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်သော်လည်း အစောပိုင်းနှစ်များက အသင်းတွင် ကစားခွင့်မရရှိခဲ့ဘဲ ယခုနှစ် ဘောလုံးရာသီမှသာ အသင်းတွင် စတင်ပါဝင်ကစားခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အဆန်စီယိုသည် ယခုနှစ် ဘောလုံးရာသီ ရီးရဲလ်မက်ဒရစ် အသင်းခံစစ်ပိုင်းတွင် အဓိက ဝါရင့်ကစားသမားများ ဒဏ်ရာကြောင့် အသီးသီး ဒဏ်ရာရရှိနေချိန်၌ နည်းပြဟောင်း အန်ဆယ်လော့တီ၏ယုံကြည်မှုနှင့်အတူ ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် ပါဝင်ကစားခွင့်ရရှိသည့် ပွဲစဉ်များတွင်လည်း အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ ချန်ပီယံလိဂ်ပြိုင်ပွဲ၌လည်း ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။

အဆန်စီယိုသည် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီးနောက် နောက်ပိုင်း ဘောလုံးရာသီများတွင် အဓိကပွဲထွက်ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး အသင်းဗဟိုခံစစ်ပိုင်း တွင်လည်း ဝါရင့်ကစားသမား တစ်ဦးဖြစ်သည့် ရူဒီဂါနှင့်အတူ အကောင်းဆုံး တွဲဖက်ကစားနိုင်ခဲ့သူဖြစ်သည်။

အဆန်စီယိုနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက လက်မလွှတ်လိုသောကြောင့် သက်တမ်းတိုး စာချုပ်အတွက် ဆွေးနွေးခဲ့ရာမှ ၂၀၃၁ ခုနှစ်ထိ စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်မှုမှသည် ဒေသတစ်ခု၊ ထွက်ကုန်တစ်ခုဆီသို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍဟာ လယ်ယာကိုအခြေခံပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံတော်အကြီးအကဲတွေကလဲ မူဝါဒတွေ၊ ရည်မှန်းချက်တွေချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံဟာ တောတောင်ရေမြေ ရာသီဥတုအနေအထားကောင်းမွန်ပြီး စိုက်ပျိုးမြေ ပေါကြွယ်ဝတဲ့အလျောက် ဆန်စပါးကိုအဓိက စီးပွားရေးကဏ္ဍတစ်ခုအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာမှာ နှစ်စဉ် ကမ္ဘာ့ဆန်စပါး ထုတ်လုပ်မှုအများဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်နေပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကစားကုန်ဟာ ထမင်းဖြစ်တဲ့အတွက် ဒေသအများစုမှာဆန်စပါးကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးကြပြီး နှစ်စဉ် မိုးစပါး၊ နွေစပါး နှစ်ရာသီ စိုက်ပျိုးထုတ်လုပ်နေပါတယ်။

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ မိုးစပါးကို ၁၅ သန်း၊ နွေစပါးသုံးသန်း စိုက်ပျိုးထုတ်လုပ်နေတာဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးက နိုင်ငံတော်ရဲ့ တတိယစပါးကျီတစ်ခုဖြစ်သလို ရွှေဘိုခရိုင်ကလဲ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ပထမစပါးကျီအဖြစ်ရပ်တည်နေပါတယ်။ ရွှေဘိုဒေသဟာ ရှေးမြန်မာမင်းတွေလက်ထက်ကတည်းက စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်နေတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။

ရွှေဘိုခရိုင်အတွင်း သီးနှံစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ စပါးသီးနှံကို အဓိကစိုက်ပျိုး ထုတ်လုပ်ပြီး မိုးစပါးကို နှစ်စဉ်ဧကသုံးသိန်းကျော် စိုက်ပျိုးထုတ်လုပ်ပါတယ်။ ရွှေဘိုပေါ်ဆန်းစပါးကို ဧကနှစ်သိန်းကျော် စိုက်ပျိုးနေတာဖြစ်ပါတယ်။

**ရွှေဘိုပေါ်ဆန်းစပါးမျိုး ရွှေဘိုခရိုင်ကို စတင်ရောက်ရှိခဲ့တဲ့ နောက်ခံသမိုင်း**

ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ၁၉၉၇ – ၁၉၉၈ ခုနှစ်မှာ ရွှေဘိုမြို့နယ်၊ သီးလုံးကျေးရွာမှာရှိတဲ့ တောင်သူဦးထွန်းရီ၊ ဒေါ်ကြည်ညွန့်တို့က ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖုံလုံကျေးရွာကိုသွားရောက်ပြီး လေးပြည်ယူဆောင်ကာ စတင်စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာ ရွှေဘိုပေါ်ဆန်းစပါးမျိုးဟာ ရေ၊ မြေဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်းကာ ဆန်အရည်အသွေးနဲ့ စားသုံးမှုကောင်းတာကြောင့် လူကြိုက်များလာခဲ့ပြီး ဒေသခံတောင်သူတွေအချင်းချင်း မျိုးဖလှယ်ကာ တစ်စတစ်စ အများအပြားစိုက်ပျိုးလာကြပါတယ်။ ၂၀၀၃ ခုနှစ်မှာ ရွှေဘိုဒေသကနေ မိုးကုတ်ဒေသကို တင်ပို့ရောင်းချပြီး ဈေးကွက်စတင်ဖြစ်ထွန်းလာခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် ချီပါမျိုးသန့်ခြံမှာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ရွှေဘိုပေါ်ဆန်းစပါးမျိုး တင်း ၆၀ ရယူမျိုးပွားခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ သရောင်းချောင်းမျိုးသန့်ခြံက စပါးမျိုး တင်း ၁၅၀ ရယူမျိုးပွားခဲ့ပြီး ဖျာပုံမြို့နယ်၊ အောက်ကွင်းကြီးစိုက်ကွင်းကနေ ၁၅ တင်း ရယူမျိုးပွားခဲ့တာတို့ကြောင့် စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးလာကြပြီး အကျိုးဆောင် တောင်သူတွေနဲ့ မျိုးသန့်ပွားများရေး ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်ကနေ စတင်ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနက မျိုးတွေမှာယူခဲ့ပြီး ချီပါမျိုးသန့်ခြံမှာ နှစ်စဉ်ရွှေဘိုပေါ်ဆန်း စပါးမျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပြီး အခုအချိန်မှာ ရွှေဘိုခရိုင်အတွင်း ရွှေဘိုပေါ်ဆန်းစပါးမျိုးကိုဧရိယာအများဆုံး တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေတာကို မြင်တွေ့နေရပြီပဲ ဖြစ်ပါတယ်။

**ရွှေဘိုပေါ်ဆန်းစပါး တိုးချဲ့စိုက်ပျိုးလာမှုနဲ့ မျိုးသန့်စိုက်ပျိုးထုတ်လုပ်ပွားများတဲ့အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာက စတင်စမ်းသပ်စိုက်ပျိုးရာကနေ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလာတဲ့ ရွှေဘိုပေါ်ဆန်း စပါးမျိုးကို ခရိုင်အတွင်းမှာရှိတဲ့ မျိုးသန့်ခြံတွေ၊ မျိုးစေ့ထုတ်လုပ်သူများအသင်း၊ ပုဂ္ဂလိက မျိုးစေ့ထုတ်ကုမ္ပဏီတွေ၊ အကျိုးဆောင်တောင်သူတွေ၊ တောင်သူအချင်းချင်း မျိုးဖလှယ်တာ စတဲ့နည်းလမ်းမျိုးစုံနဲ့ မျိုးသန့်နှစ်စဉ်စိုက်ပျိုးထုတ်လုပ်ပွားများခဲ့ရာ အခုအချိန်မှာ ရွှေဘိုတစ်ခရိုင်



ရွှေဘိုပေါ်ဆန်းစပါးစိုက်ခင်းကို တွေ့ရစဉ်။

လုံး ရွှေဘိုပေါ်ဆန်း စိုက်ဧရိယာရဲ့ ၈၀ ရာခိုင်နှုန်းခန့်ထိ မျိုးသန့်လွှမ်းခြုံနေပြီပဲဖြစ်ပါတယ်။ ရွှေဘိုပေါ်ဆန်းစပါး စိုက်ဧကဟာ စတင်စမ်းသပ်စိုက်ပျိုးချိန်ကနေ အခုအချိန်ထိ တစ်စတစ်စ တိုးချဲ့စိုက်ပျိုးလာတာ အခုအချိန်မှာ ဆည်ရေသောက်ဧရိယာရဲ့ ၉၀ ရာခိုင်နှုန်း၊ မိုးစပါး စိုက်ဧရိယာ စုစုပေါင်းရဲ့ ၆၅ ရာခိုင်နှုန်းခန့်ကို နှစ်စဉ်စိုက်ပျိုးထုတ်လုပ်နေတာဖြစ်တဲ့အပြင် ရွှေဘိုပေါ်ဆန်းစပါးအထွက်နှုန်းဟာ တစ်ဧကပျမ်းမျှ တင်း ၈၀ ထွက်ရှိနေတာကြောင့် ဈေးကွက်ကောင်းရရှိနေပြီး ဆက်လက်တိုးချဲ့စိုက်ပျိုးဖို့ အလားအလာကောင်းတွေရှိနေပါတယ်။

**ရွှေဘိုပေါ်ဆန်း စပါးအထွက်နှုန်းကောင်း အရည်အသွေးကောင်းရရှိဖို့**

ရွှေဘိုပေါ်ဆန်းစပါးမျိုးဟာ ရာသီစပါးဖြစ်တဲ့အတွက် စိုက်ချိန်ကွာခြားပေမဲ့ ရိတ်သိမ်းချိန် မကွာခြားတဲ့ စပါးမျိုးတွေဖြစ်ပါတယ်။ ရွှေဘိုပေါ်ဆန်းစပါးအထွက်တိုးနည်းပညာတွေကို စနစ်တကျလိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ရွှေဘိုပေါ်ဆန်းစပါး အထွက်နှုန်းကောင်း အရည်အသွေးကောင်း၊ ရရှိဖို့အတွက် စပါးအပါအဝင် သီးနှံတွေကို စိုက်ပျိုးရာမှာ ပန်းတိုင်အထွက်နှုန်း ရရှိဖို့အတွက် မျိုး၊ မြေ၊ ရေ၊ နည်းဆိုတဲ့ နည်းလမ်းတွေအတိုင်း စနစ်တကျ လက်တွေ့လိုက်နာဆောင်ရွက်တာ၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲတာ၊ မြေတွေကို စနစ်တကျပြုပြင်တာ၊ စိုက်ပျိုးရေကို စနစ်တကျသုံးစွဲတာနဲ့ ခေတ်မီနည်းစနစ်အသုံးပြုတာတို့ကို စိုက်ပျိုးရေးလုပ်ကိုင်သူတွေက လိုက်နာလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးနည်းစနစ်တွေကို လက်တွေ့စနစ်တကျ လိုက်နာကျင့်သုံးကြဖို့လဲ စိုက်ပျိုးရေးဦးစီးဌာနမှ စဉ်ဆက်မပြတ်ပညာပေးဆောင်ရွက်နေပါတယ်။ ရွှေဘိုပေါ်ဆန်းစပါးစိုက်ပျိုးထုတ်လုပ်မယ်ဆိုပါက အထွက်တိုးနည်းလမ်းတွေဖြစ်တဲ့ မျိုးကောင်းမျိုးသန့်စပါးကို အသုံးပြုစိုက်ပျိုးတာတွေလုပ်ဆောင်မှသာ အထွက်မှန်းကောင်းမှာဖြစ်ပါတယ်။

**စိုက်ပျိုးနည်းစနစ်**

ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးရာမှာ သက်တမ်းငါးလမကျော်အောင် စိုက်ပျိုးတာ၊ သတ်မှတ်ကောက်ကွက်ပြည့်မီအောင်အထူးဂရုပြု စိုက်ပျိုးတာ၊ ပျိုးသက်မှန်၊ လက်ဆမှန်စိုက်ပျိုးတာတွေ လုပ်ဆောင်မှသာအထွက်နှုန်းကောင်းမှာ ဖြစ်ပါတယ်။

**မြေပြုပြင်ခြင်း**

ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးရာမှာ မြေတွေကို စနစ်တကျပြုပြင်ကာ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာတွေကို အချိန်ကိုက်အချိုးကျထည့်သွင်းအသုံးပြုတာ စတဲ့နည်းလမ်းတွေကို စနစ်တကျလိုက်နာကျင့်သုံးဆောင်ရွက်မှသာ ရွှေဘိုပေါ်ဆန်းစပါး အထွက်နှုန်းကောင်း အရည်အသွေးကောင်းရရှိနိုင်မှာဖြစ်ပါတယ်။

ရွှေဘိုပေါ်ဆန်းဆန် အရည်အသွေးကောင်း ရရှိဖို့ကိုလဲ အထူးအလေးထားဆောင်ရွက်ဖို့ လိုအပ်တာနဲ့အမျှ ရွှေဘိုခရိုင်အတွင်းမှာရှိတဲ့ရွှေဘိုပေါ်ဆန်းစပါးတွေကို ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ ရိတ်သိမ်းခြွေလှေ့ပြီး စက်ရုံတွေမှာရှိတဲ့ အခြောက်ခံစက်တွေမှာ အခြောက်ခံပြီး အဆင့်မြင့်ဆန်စက်ကြီးတွေမှာ ကြိတ်ခွဲတာကို ဆောင်ရွက်ပါတယ်။ အဆင့်မြင့်ဆန်စက်ကြီးများက ကြိတ်ခွဲပြီးဆန်တွေကို အရည်အသွေး ပိုမိုကောင်းမွန်စေဖို့အတွက် ဆန်ရွေးစက်( Color Sorter )မှာ ရွေးချယ်ပြီး ရွှေဘိုပေါ်ဆန်းဆန်ကို အိုးဝင်ထူးထူးရှယ်၊ ဆန်လတ်ကြီး၊ ဆန်လုံး(အသေး)၊ ဆန်ကျော်၊ ဆန်လတ်(အသေး) နဲ့ စွန့်သန့်ဆန်တွေကို ရရှိပါတယ်။ ရရှိလာတဲ့ဆန်ထွက်ပစ္စည်းတွေထဲက၊ အိုးဝင်ထူးထူးရှယ်တွေကို ၂ ကီလိုအိတ်၊ ၄ ကီလိုအိတ်၊ ၆ ကီလိုအိတ်၊ ၁၂ ကီလိုအိတ်၊ ၂၄ ကီလိုအိတ်နှင့် ၄၈ ကီလိုအိတ် စတဲ့ အရွယ်အစားအမျိုးမျိုးနဲ့ထုပ်ပိုးပြီး မြန်မာပြည်အနှံ့ဈေးကွက်တွေနဲ့ စူပါမားကတ်တွေကို ပို့ဆောင်ဖြန့်ဖြူးရောင်းချပေးနေပါတယ်။

**ရွှေဘိုပေါ်ဆန်းစပါး လက်ရှိအခြေအနေနဲ့ နောင်အလားအလာ**

ရွှေဘိုပေါ်ဆန်းစပါးနဲ့ ဆန်တို့ရဲ့ ထူးခြားကောင်းမွန်တဲ့လက္ခဏာတွေနဲ့ အရည်အသွေးဟာ ဒေသရေမြေရာသီဥတုနဲ့ကိုက်ညီတာကြောင့် စပါးအထွက်နှုန်းကောင်းတာ၊ ဆန်ရည်ဆန်သားကောင်းမွန်တာ၊ စပါးစေ့ကြွေကျမှုနည်းလို့ လေလွင့်ဆုံးရှုံးမှုသက်သာတာ၊ ဆန်ကိုချက်ပြုတ်ရာမှာ အမြင်လှပပြီး ထမင်းအလျားရှည်သွယ်တာ၊ အိုးတက်တာ၊ နူးညံ့ပျော့ပျောင်းပြီး စားသုံးလို့ကောင်းတာ၊ အနံ့မွှေးတာ၊ ဈေးကွက်ခိုင်မာတာတွေကြောင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာဆန်စပါးညီလာခံမှာ ကမ္ဘာ့အကောင်းဆုံးဆန် (World Best Rice)အဖြစ် ရွေးချယ်သတ်မှတ်ခံရတာကြောင့် ရွှေဘိုပေါ်ဆန်းဆန်ဟာ လူသိများလာပြီး ဈေးကွက်ဝင်ခဲ့ကာ အခုအချိန်မှာ လူကြိုက်နှစ်သက်မှုတွေနဲ့ ရွှေဘိုပေါ်ဆန်းဆန်အဖြစ် ဈေးကွက်ခိုင်မာနေပါတယ်။ ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်ရာမှာလဲ မျိုးကောင်းမျိုးသန့် မျိုးစေ့တွေအသုံးပြုပြီး မှန်ကန်တဲ့ နည်းစနစ်တွေ၊ သွင်းအားစုတွေ စနစ်တကျ အသုံးပြုစိုက်ပျိုးပြီး အထွက်နှုန်းကောင်းတဲ့အပြင် အရည်အသွေးပါ ကောင်းမွန်တဲ့စပါးတွေရဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP စနစ်ကို ဦးတည်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ရွှေဘိုခရိုင်မှာ ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူတွေအသင်းကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားတွေ၊ ဆန်စက်လုပ်ငန်းရှင်တွေ၊ ဆန်ကုန်သည်တွေနဲ့ ဖွဲ့စည်းထားရှိပြီး ရွှေဘိုပေါ်ဆန်းဆန်၏ ဒေသဆိုင်ရာအညွှန်းကိန်း–Geographical Indi–cation(GI) ရရှိဖို့ လုပ်ငန်းစဉ်တွေ ပြင်ဆင်ဆောင်ရွက်နေတာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီး GI ရရှိဖို့ကိုလဲ အထူးအလေးထားဆက်လက်ကြိုးပမ်းဆောင်ရွက်နေပါတယ်။

နိုင်ငံတော်အကြီးအကဲက ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးဖို့ကို အလေးထားဆောင်ရွက်တာ ဖြစ်တဲ့အတွက် ရွှေဘိုပေါ်ဆန်းဆန်ကို စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ဒေသတစ်ခု ထွက်ကုန်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရုံသာမက ရွှေဘိုပေါ်ဆန်းဆန်ကို မြန်မာအမှတ်တံဆိပ်အဖြစ် ကမ္ဘာသိဖြစ်စေဖို့အတွက် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေး လုပ်ငန်းကွင်းဆက်တစ်ခုလုံးမှာ ပါဝင်ဆောင်ရွက်နေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေအားလုံး ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြစေဖို့ နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါတယ်။

ဇာဇာမင်း(ရွှေဘို)

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## အလင်းမဲ့ည အတောက်ပဆုံးနေ့ ဇာတ်လမ်းတွဲကို Mahar Application မှ ဩဂုတ်လပထမပတ်တွင် HD Quality ဖြင့် ထုတ်လွှင့်ပေးသွားမည်ဖြစ်




ရန်ကုန် ဇူလိုင် ၂၀

Mahar Application မှ အလင်းမဲ့ည အတောက်ပဆုံးနေ့ ဇာတ်လမ်းတွဲကို ဩဂုတ်လပထမပတ်တွင် HD Quality ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ အလင်းမဲ့ည အတောက်ပဆုံးနေ့ အမည်ရှိ ဇာတ်လမ်းတွဲတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မင်းတော်ဝင်ထံမှ သိရသည်။

အဆိုပါအလင်းမဲ့ည အတောက်ပဆုံးနေ့ အမည်ရှိ ဇာတ်လမ်းသည် စာရေးဆရာ လုံမ၏ အလင်းမဲ့ည အမည်ရှိ ဝတ္ထုဇာတ်လမ်းကို ညမွှေးပန်း၊ ငွေစင်သွန်းနှင့် ဘွန်နီတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ သိန်းဟန် (ဖိုးနစ်)က တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ဒရာမာ အမျိုးအစားဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"မိခင်မရှိဘဲ ကြီးပြင်းလာရတဲ့ ကလေးတစ်ယောက်က ဆုံးမ လမ်းပြမဲ့သူမရှိဘဲ ကိုယ့်ဘဝကိုယ် ကျောင်းရတဲ့အခါ နှလုံးသားမှာ အနည်းနဲ့အများတော့ ဒဏ်ရာရကြတာပါပဲ။ ဒီဇာတ်လမ်းတွဲမှာ ဖခင်ဖြစ်သူ ဆုံးပါးသွားပြီးနောက် အိမ်ကြီးအိမ်ကောင်းက သူဌေးသမီး မိခင်ဖြစ်သူဆီ လိုက်လာခဲ့တဲ့ ခွင်း၊ လူမမည်အရွယ်လေး ခွင်းကို စွန့်ပစ်ခဲ့ပြီး တခြားသူရဲ့ကလေးတွေကို ခွင့်လွှတ်ခြင်းတွေနဲ့ ရင်နှင့်အမျှချစ်နေတဲ့ အမေဖြစ်သူကို အပြစ်မမြင်ရက်ဘဲ အဝေးကဖြည့်ဆည်းပေးနေတဲ့ သားလိမ္မာလေး အကြောင်းကို ဒီဇာတ်လမ်းတွဲမှာ စောင့်မျှော်ကြည့်ရှုပေးကြပါ" ဟု သရုပ်ဆောင် မင်းတော်ဝင်က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်ရဲချမ်း၊ မင်းတော်ဝင်၊ နန်းဆုဦး၊ လှမျိုးသဉ္ဇာနွယ်၊ အေဏီဇော်၊ ရွှေရင်အေးနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## အိပ်မက်တွေက ဈေးကြီးတယ် မြန်မာရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လပထမပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်




ရန်ကုန် ဇူလိုင် ၂၀

အိပ်မက်တွေက ဈေးကြီးတယ် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လပထမပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချောရတနာထံမှသိရသည်။

အဆိုပါ အိပ်မက်တွေက ဈေးကြီးတယ် အမည်ရှိ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားပြီး ဒါရိုက်တာ ပွင့်သီရိဇော် (အရုဏ်ဦး)က တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာတော့ အိပ်မက်တွေ ဈေးကြီးတာမှန်တယ်။ အဲဒီအိပ်မက်တွေကို အကောင်အထည်ဖော်နိုင်မဲ့ နည်းလမ်းသိရင်ပြီဆိုတဲ့ လူလည်တစ်သိုက်က ငွေရဖို့အတွက် ဘယ်လိုနည်းဗျူဟာတွေသုံးပြီး လူလူချင်း ဘယ်လိုတွေ လူလည်ကျမလဲဆိုတာ အိပ်မက်တွေက ဈေးကြီးတယ် ရုပ်ရှင်ဇာတ်ကားမှာ စောင့်ကြည့်အားပေးကြပါအုံး" ဟု သရုပ်ဆောင် ချောရတနာက ပြောပြသည်။

အိပ်မက်တွေက ဈေးကြီးတယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ပိုင်တံခွန်၊ ဒေါင်းဝေ၊ စိုးမြတ်သူဇာ၊ ချောရတနာ၊ နော်ဖေအယ်ထား၊ သွန်းဆက်၊ မေပန်းချီ၊ လင်းလင်း၊ အေးသီတာ၊ ဓာခြည်လွင်၊ အိမြတ်၊ စင်သီယာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

## ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် 5 Million အမည်ရှိ Group Art Exhibition ပန်းချီပြပွဲ ပြုလုပ်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် 5 Million အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို ဇူလိုင် ၁၉ ရက်မှ စတင်ပြသလျက်ရှိကြောင်း အဆိုပါပြပွဲတွင် ပါဝင်ပြသထားသည့် ပန်းချီသန့်ဇင်ထံမှ သိရသည်။

အဆိုပါ ပန်းချီပြပွဲကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် ပန်းချီ အောင်မြတ်၊ ပန်းချီ စိုးအောင်၊ ပန်းချီ အောင်လင်း၊ ပန်းချီ ရွှေကိုအောင်၊ ပန်းချီ သန့်ဇင်နှင့် ပန်းချီဒိတ်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည့် မီဒီယမ်မျိုးစုံဖြင့် ရေးဆွဲထားသည့် အကြောင်းအရာစုံ ပန်းချီကား ၇၀ ကျော်ကို ပြသလျက်ရှိကြောင်း သိရသည်။

"Artistic Space Art Gallery မှာ ကျွန်တော်တို့ ပန်းချီဆရာခြောက်ဦးရဲ့ 5 Million လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲကို တင်ဆက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မတူညီတဲ့ ပန်းချီရေးဟန်တွေကို ဇူလိုင် ၁၉ ကနေ ဇူလိုင် ၂၃ ရက်နေ့ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသသွားမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးပါရန် လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်ခင်ဗျာ"ဟု ပန်းချီ သန့်ဇင်က ပြောပြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ ၃၆x၂၄ လက်မ၊ ၂၄x၂၄ လက်မ၊ ၁၈x၂၄ လက်မ၊ ၁၈x၁၈ လက်မစသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ၇ သိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းထိ ရှိကြောင်း သိရသည်။

ASH

## Focus Features ၏ Werwulf ဇာတ်ကားသစ်၌ မင်းသား ဝီလျံဒါဖိုး ပါဝင်ဖွယ်ရှိ

နယူးယောက် ဇူလိုင် ၂၀

Focus Features ရုပ်ရှင်ကုမ္ပဏီ၏ Werwulf ဇာတ်ကားသစ်၌ မင်းသား ဝီလျံဒါဖိုး ပါဝင်သရုပ်ဆောင် ဖွယ်ရှိကြောင်း ဇူလိုင် ၁၉ ရက် သတင်းများအရ သိရသည်။

Werwulf ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသမီး လီလီရိုစ်ဒပ်သည်လည်း Focus Features နှင့် ဆွေးနွေးနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် မင်းသား ဝီလျံဒါဖိုးသည် အဆိုပါ ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် Focus Features ရုပ်ရှင်ကုမ္ပဏီက တာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိပြီး အပြီးသတ်သဘောတူချက် ရရှိခဲ့ပါက ဝီလျံဒါဖိုးသည် Werwulf ဇာတ်ကား၌ မင်းသား အေရွှန်တေလာဂျွန်ဆင်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Werwulf ဇာတ်ကားကို ဒါရိုက်တာ ရော့ဘတ်အက်ဂါက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းဆရာ အက်စ်ဂျွန်က ရေးသားထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ် ခရစ္စမတ်ကာလအတွင်း ရုံတင်ပြသရန် Focus Features ကုမ္ပဏီက စီစဉ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**



## Other Mommy ထိတ်လန့်သည်းဖိုဇာတ်ကား၌ ရှောင်ကာ့ဗ်မန်းနှင့် အဒမ်ဆေးဗား တို့ပါဝင်မည်

နယူးယောက် ဇူလိုင် ၂၀

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Other Mommy သဘာဝလွန် ဆန်းကြယ် ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား ရှောင်ကာ့ဗ်မန်းနှင့် အဒမ်ဆေးဗားတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၉ ရက် သတင်းများအရ သိရသည်။

Other Mommy ဇာတ်ကားတွင် ရှောင်ကာ့ဗ်မန်း၊ အဒမ်ဆေးဗားတို့နှင့်အတူ အသက်ရှစ်နှစ်အရွယ် ကလေးသရုပ်ဆောင် အာရာဘဲလာ အိုလီဗာလိစ်ကလည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် စာရေးဆရာ ဂျိုရှ်မယ်လာဘင်၏ Incidents Around the House ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

Other Mommy ဇာတ်ကားတွင် မင်းသမီး ဂျက်ဆီကာချက်စတိန်းနှင့် ဂျေးဒူးပလက်စ်တို့ ပါဝင် သရုပ်ဆောင်မည်ဖြစ်ပြီး ရော့ဘ်ဆားဗေ့ဂ်ျက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Other Mommy ဇာတ်ကားရုံတင်ပြသမည့်နေ့ကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာထားခြင်း မရှိသေးပေ။

**Ref : Russia Today**
**Trs : KKO**





# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects tasks carried out for better drainage system along Yangon-Pathein road in Hlaingtharyar Township



Senior General Min Aung Hlaing inspects tasks for better drainage system along Yangon-Pathein road in Hlaingtharyar Township.



Senior General Min Aung Hlaing gives instructions on cleanliness and better drainage system along Yangon-Pathein road.

**Nay Pyi Taw July 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage including SAC Joint Secretary General Ye Win Oo, the Yangon Region chief minister, the commander of Yangon Command and officials, inspected the tasks being carried out for better drainage systems along the Yangon-Pathein raod in Hlaingtharyar Township in Yangon Region this morning.

First, the Senior General and party inspected the upgrading tasks for better drainage systems and construction of pavements on both sides of the Yangon-Pathein Road in Hlaingtharyar Township and gave necessary instruction on cleanliness and meeting the standards of roads and construction of better drainage systems by considering factors related to blocking the drainage and other needs.

Then, the Senior General and party inspected upgrading tasks being carried out for better drainage systems and expansion of roads along Nyaungdone road and No. 4 expressway in Shwepyithar township by car.

100

# Nawnghkio-Kyaukkyan-Ummakha-Ummathi-PyinOoLwin-Mandalay route reopens, cement transport for construction projects accelerated



Cement-loaded trucks seen coming to Mandalay.

**Nay Pyi Taw July 20**

The Tatmadaw has been conducting counter-terrorism operations across regional command territories to ensure public safety. On July 16, the Tatmadaw successfully regained full control over the Taungkham area and Nawnghkio town, which had been temporarily occupied by terrorist insurgents.

During the insurgents' occupation of the Taungkham area and Nawnghkio Township, local residents were forced to abandon their livelihoods and flee their homes, leading to severe socio-economic decline.

Additionally, the terrorists blocked the Nawnghkio-Kyaukkyan-Ummakha-Ummathi road, disrupting the flow of goods in the region. As a result, daily cement production from the Crown Cement Factory, located about seven miles northwest of Nawnghkio near Laung Hpan Village, could not be efficiently transported to areas in need—particularly those affected by the Mandalay earthquake. This shortage forced civilians to purchase cement at inflated prices.

With the Tatmadaw's recapture of the Taungkham area and Nawnghkio Township, the Nawnghkio-Kyaukkyan-Ummakha-Ummathi-PyinOoLwin-Mandalay route has been reopened, allowing smooth transportation of goods and accelerating regional development projects. Local residents have now begun returning to their homes in safety and can gradually restore their daily lives and economic activities.

Thanks to the reopening of this critical route, 59 trucks carrying cement from the Crown Cement Factory were able to transport a total of 1,947 tons (36,580 bags of cement) to Mandalay today. Each truck carried 33 tons, ensuring a steady supply for reconstruction efforts. This will allow civilians to purchase cement at more affordable prices for rebuilding homes, roads, bridges, pagodas, and other structures damaged by the Mandalay earthquake.

The government is actively working to improve the socio-economic conditions of people across the nation. Meanwhile, the Tatmadaw continues to enhance security operations in certain regions and states to protect civilians from the threat of terrorist violence.

100


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kalay District places more than 3,000 acres of croplands under pigeon pea this year


A pigeon pea plantation,

**Kalay July 20**

Local farmers planted 3,088 acres of pigeon pea on croplands in Kalay District of Sagaing Region this year, according to the district Agriculture Department.

They started cultivation of crops in May this year. So far, they have planted 3,088 acres of pigeon pea against the target of 3,400 acres of crops, 781 acres of which were cultivated in Kalay Township, 35 acres in Kalewa Township and 2,722 acres in Mingin Township.

"This year, during the monsoon cropping season in Kalay District, over 3,000 acres of pigeon pea are planned to be cultivated. As of today, 3,088 acres have already been cultivated. Efforts will continue to ensure that the full target acreage is achieved. Measures are also being taken to ensure high yields from the pigeon pea crops. Pigeon peas are being cultivated both as a standalone crop and as an intercropped or mixed crop," said U Aung, Head of the Kalay District Department of Agriculture.

For the 2025-2026 monsoon cropping season, Kalay Township earmarked cultivation of 1,097 acres of pigeon pea, Kalewa Township 35 acres, and Mingin Township 2,268 acres, totalling 3,400 acres.

This year, the relevant township agricultural offices in Kalay District have been providing guidance to farmers growing pigeon peas on selecting quality and pure seeds, educating on proper cultivation methods, promoting pest prevention practices, and offering technical field support to help achieve better yields.

Additionally, the township-level agriculture departments in Kalay District are promoting cost-effective fertilization techniques for pigeon pea farmers. This includes the combined use of urea and related materials, which helps reduce input costs while keeping crops free from pests and enhancing plant health and growth.

206

# 3 killed, 150 rescued after passenger ship catches fire in Indonesia

**Jakarta July 20**

At least three people were killed and about 150 others rescued after a passenger ship caught fire in the waters of Indonesia's North Sulawesi province on Sunday, according to Veri Ariyanto, a senior official at the provincial Search and Rescue Office.

"Three people were killed, and nearly 150 were rescued safely. They were rescued by the joint rescue team and local fishermen's boats," he told Xinhua.

The search and rescue operation is still underway. Two ships, several rigid inflatable boats, and other vessels have been deployed, Ariyanto said.

The ship, KM Barcelona 5, caught fire while sailing in the waters off Manado, the capital city of the province, at around 1:00 p.m. local time, Dani Repi, head of the quick reaction team of the provincial Disaster Management and Mitigation Agency, said.

Approximately 280 people were on board, he said.

Xinhua

# Dragon fruits marketable in Yekyi Township

**Yekyi July 20**

Demand is high in the domestic market of Yekyi Township in Ayeyawady Region to purchase dragon fruits, said Daw Htay Htay Yi, the owner of agricultural product trading in Yekyi Township.

In Yekyi Township, locally grown dragon fruits have seen strong purchasing demand and good trade performance from the second week of July until today. These local dragon fruits are currently selling for up to K150,000 per 100 pieces of fruit. In addition to local markets, demand from the Yangon market has also been strong.

"Locally grown agricultural products from Yekyi Township are being transported and sold in the Yangon market. Since the second week of this month, buyers from Yangon have been actively purchasing the fruits. At present, a large number of dragon fruits are being sold. This is the harvest season for dragon fruits in Yekyi, and the fruits being produced are of good quality. They are also in high demand in the market," said Daw Htay Htay Yi.


Photo shows dragon fruits.

In Yekyi Township, farmers cultivate dragon fruits organically on plots ranging from one to five acres per farmer. The cultivation is done in collaboration among local entrepreneurs, farmers, and agricultural experts. Due to the strong market performance of these local dragon fruits, plans are underway to expand cultivation areas in the upcoming summer season.

Kyaw Kyaw Lin

# Italy's exports under strain amid U.S. tariffs and currency headwinds

**Rome July 20**

As a trade deal between the United States and the European Union (EU) remains unresolved, Italy is grappling with dual challenges: a new round of U.S. tariffs that could directly hit its export-reliant economy and a weakening U.S. dollar that effectively acts as an "implicit" tariff on Italian exports.

U.S. President Donald Trump has announced the decision to impose a 30 percent tariff on imports from the EU and Mexico starting Aug. 1, adding fresh uncertainty for Italian exporters who depend heavily on the American market.

According to Italy's National Institute of Statistics (ISTAT), Italy ranked as the EU's third-largest exporter to the United States in 2024, with shipments to that market accounting for 10 percent of its total exports, a share comparable to Germany and higher than France or Spain.

In 2024, Italy posted a trade surplus of 39 billion euros with the United States. Exports to the United States represent 22.2 percent of Italy's sales to non-EU countries, exceeding the EU average of 19.7 percent. Italy's top export sectors to the United States include beverages, automobiles, and other transport equipment, according to a report by Confindustria, Italy's major association representing manufacturing and service companies.

Xinhua


This photo taken on July 13, 2025 shows the Colosseum and its reflection in a puddle after rain in Rome, Italy.

# Kyunhla Township manages cultivation of over 3,000 green gram during this monsoon

**Kyunhla July 20**

Township Agriculture Department in Kyunhla Township stated that local farmers have planted more than 3,000 acres of green gram in Kyunhla Township of Sagaing Region this year.

During the 2025-2026 monsoon cropping season, 5,412 acres of green gram are planned to be cultivated in Kyunhla Township. Cultivation began in May this year, and as of today, 3,921 acres have already been planted.

"This year, during the monsoon cropping season, over 5,000 acres of green gram are planned to be cultivated in Kyunhla Township. So far, more than 3,000 acres have already been planted. Efforts are being made to ensure the target acreage is fully achieved. Awareness campaigns are being conducted to encourage expanded cultivation and to promote the use of quality seeds for better yields," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

Officials of the Township Agriculture Department help local farmers choose quality seeds of crops suitable for the region, use correct agricultural techniques, prevent pests and systematically feed crops with fertilizers in order to boost per-acre yield of crops.

Moreover, official cooperate with local farmers to produce quality crops. So, the department provided agricultural inputs, agricultural techniques and post-harvest technology to local farmers.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက Akash Prime မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်ခဲ့



အိန္ဒိယနိုင်ငံက Akash Prime မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်ကို Ladakh ဒေသ၊ ကုန်းပြင်မြင့်တွင် တိုက်ပွဲဝင်အသင့် စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း၊ အဆိုပါ စမ်းသပ်ပစ်ခတ်မှုတွင် မြန်နှုန်းမြင့်မောင်း သူမဲ့လေယာဉ်နှစ်စင်းကို အောင်မြင်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုများကို အမြင့် မီတာ ၄၅၀၀ ထက်ကျော်လွန်သော ကုန်းမြင့်ဒေသများတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကာ ပြင်းထန်သောရာသီဥတုအခြေအနေများနှင့် မတူညီသောမြေမျက်နှာသွင်ပြင် အနေအထားများတွင် တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းကို စမ်းသပ်သရုပ်ပြသနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

Akash လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သည် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းထုတ်တာလတ်ပစ်၊ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ဖြစ်သည်။ ၎င်းစနစ်ကို ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (DRDO)က တီထွင်ထုတ်လုပ်ထားပြီး တိုက်လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ ရဟတ်ယာဉ်များနှင့် ဒရုန်းများအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများမှ ကာကွယ်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ Akash စနစ်ကို လျင်မြန်စွာရွှေ့လျား တပ်ဖြန့်နိုင်မှု၊ ကွန်ရက်ဗဟိုပြုစစ်ဆင်ရေးအတွက် ဒီဇိုင်းထုတ်ထားပြီး ဒုံးပစ်စင်များ၊ ဘက်စုံသုံး ပစ်ခတ်မှုထိန်းချုပ်ရေးရေဒါများနှင့် ကွပ်ကဲကြီးကြပ်မှုစနစ်များ ပေါင်းစပ်ထားသည်။ ၎င်းစနစ်သည် ပစ်မှတ်မျိုးစုံကို တစ်ပြိုင်နက်တည်း တိုက်ခိုက်နိုင်ပြီး ၂၅ ကီလိုမီတာမှ ကီလိုမီတာ ၃၀ အကွာအဝေးအတွင်း အမြင့် ၁၈ ကီလိုမီတာထိ ဘက်စုံမှဝင်ရောက်လာသောခြိမ်းခြောက်မှုများကို ရာသီဥတုမရွေး လွှမ်းခြုံကာကွယ်ပေးနိုင်မည်ဖြစ်သည်။

မူလ Akash လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်နည်းပညာကို အခြေခံ၍ Akash Prime ဗားရှင်းအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ၎င်းစနစ်ကို တောင်တန်း တောင်ကုန်းပေါများသော ကုန်းပြင်မြင့်ဒေသ၊ အပူချိန်နိမ့်သော စစ်ဆင်ရေးနယ်မြေများရှိ မတူကွဲပြားသော သဘာဝပတ်ဝန်းကျင် အခြေအနေများတွင် လက်နက်စနစ်၏ စွမ်းဆောင်ရည်မလျော့ကျစေရန်အတွက် အထူးဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အထင်ရှားဆုံး အဆင့်မြှင့်တင်မှုတစ်ခုမှာ ၃၆၀ ဒီဂရီပတ်လည် တိုက်ပွဲဝင်နိုင်စွမ်းရှိစေမည့် ပြည်တွင်းထုတ် (RF)အာရုံခံကိရိယာတပ်ဆင်ထားခြင်းဖြစ်ကာ ယခင်လမ်းညွှန်ထိန်းကျောင်းမှုစနစ်ထက် ပစ်မှတ်ကို ပိုမိုတိကျစွာ တိုက်ခိုက်နိုင်စေမည်ဖြစ်သည်။

Akash Prime ဒုံးကျည်သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းနိုင်ခဲ့ပြီး ရန်သူလေယာဉ်ပုံစံတူ ဝေဟင်ပစ်မှတ်ကို အောင်မြင်စွာ တိုက်ခိုက်ဖျက်ဆီးပြနိုင်ခဲ့သည်။ ယခု Ladakh ဒေသတွင် လက်တွေ့စမ်းသပ်ပစ်ခတ်မှုတွင်လည်း တိုက်ပွဲဝင်စွမ်းဆောင်ရည်များကို လက်တွေ့ကျကျ သက်သေပြနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဤသို့လက်တွေ့စမ်းသပ်၊ သရုပ်ပြသမှုနှင့်အတူ Akash Prime ဒုံးကျည်စနစ်သည် တိုက်ပွဲဝင်အသင့်ဖြန့်ကြက်နိုင်ရန် နီးစပ်လာနေပြီဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက် ထိလွယ်ရှလွယ် နယ်စပ်ဒေသများ၌ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များ မြှင့်တင်ရာတွင် ဤစနစ်များ တပ်ဖြန့်သုံးသွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Exclusive: New Indian Akash Prime air defense missile destroys aerial targets in high altitude envi–ronment.** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်နိုင်ငံက LUCAS တန်ဖိုးနည်းတိုက်ခိုက်ရေးဒရုန်းသစ်ကို တရားဝင်မိတ်ဆက်ပြသခဲ့

အမေရိကန်နိုင်ငံသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် အီရန်နိုင်ငံထုတ် ရေပန်းစားအသုံးများသော Shahed–136 ဒရုန်းနှင့်ဆင်တူသည့် တန်ဖိုးနည်းတိုက်ခိုက်ရေးဒရုန်းLUCAS (Low–Cost Un–crewed Combat Attack System)ဟု အမည်ပေးထားသည့် တိုက်ခိုက်ရေးဒရုန်း အမျိုးအစားသစ်ကို တရားဝင် မိတ်ဆက်ပြသခဲ့သည်ဟု Army Recogni–tion သတင်းဌာနက ဇူလိုင် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Arizona ပြည်နယ်အခြေစိုက် ကာကွယ်ရေးကန်ထရိုက်တာ Spektre–Works ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသည့် LUCAS ဒရုန်းကိုအလိုအလျောက် တိုက်ပွဲဝင်နိုင်သည့်စနစ်များ ပြသမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပင်တဂွန်စစ်ဌာနချုပ်၏ ခြံဝင်းအတွင်း၌ ပင် ထုတ်ဖော်ပြသခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါပြသမှုတွင် အလိုအလျောက် တိုက်ပွဲဝင် လုပ်ဆောင်နိုင်သည့် အခြားစနစ် ၁၈ မျိုးကိုလည်း ထုတ်ဖော်ပြသထားပြီး ကာကွယ်ရေးဝန်ကြီး Pete Hegseth သည် LUCAS ဒရုန်းကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုစစ်ဆေး၊ အကဲဖြတ်ဆန်းစစ်ခဲ့သည်။ အထူးသဖြင့် အင်ဒို–ပစိဖိတ်ဒေသတွင် နေရာစုံစစ်ဆင်ရေးများဆောင်ရွက်နိုင်စွမ်းရှိသောတန်ဖိုးနည်း၊ ဘက်စုံသုံးမောင်းသူမဲ့လေယာဉ်စနစ်များကို အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များထံ တပ်ဆင်ပေးသွားနိုင်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ ပိုမိုကျယ်ပြန့်သောကြိုးပမ်းအားထုတ်မှုများကြားမှ ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

LUCAS ဒရုန်းသည် စမ်းသပ်မှုများ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီးဖြစ်၍ ထုတ်လုပ်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။ ၎င်းကိုတပ်ဖွဲ့များတွင် မကြာမီပေါင်းစပ် အသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။ LUCAS ဟူသောအမည်ဖြင့် လူသိရှင်ကြား မိတ်ဆက်ခဲ့သော်လည်း ဤဒရုန်းသည် FLM 136 ပစ်မှတ်ဒရုန်းမှ ဆင်းသက်လာခြင်း သို့မဟုတ် ၎င်းအပေါ်အခြေခံ၍ တည်ဆောက်ထားခြင်း ဖြစ်နိုင်ကြောင်း အချက်အလက်များစွာက ဖော်ပြနေသည်။

နည်းပညာပိုင်းအရ LUCAS/ FLM 136 ဒရုန်းသည် လုပ်ငန်းလိုအပ်ချက်များအပေါ် မူတည်၍ ထောက်လှမ်းရေးအာရုံခံကိရိယာများ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးများ သို့မဟုတ် ဖောက်ခွဲရေးများကိုလိုက်လျောညီထွေဖြစ်စွာ တပ်ဆင်နိုင်မည့် modu–lar payload bays များကို တပ်ဆင်ထားသည့် ဖြုတ်လွယ်၊ တပ်လွယ်ဒီဇိုင်းမျိုးဖြစ်သည်။ ၎င်းတွင် 28V နှင့် 12V ပါဝါထောက်ပံ့မှုများရယူ၍ ပျံသန်းစဉ်အတွင်း အဝေးမှပြောင်းလဲနိုင်သော payload network စနစ်ပါဝင်သည်။ ဒရုန်းပစ်လွှတ်မှုနည်းလမ်းများတွင် ထရပ်ကားတင်စနစ်၊ Rocket–Assisted Take–Off (RATO)ဒုံးပျံအထောက်အကူပြုလွှတ်တင်ရေးစနစ်တို့ အသုံးပြုနိုင်ကာ အထူးတလည် လေ့ကျင့်သင်တန်းပေးထားသော စစ်သည်များ၊ အထူးပြုပစ္စည်းကိရိယာများ မပါဝင်ဘဲ စစ်မြေပြင်တွင် စစ်ဆင်ရေးများ ဆောင်ရွက်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။



LUCAS ဒရုန်းကို မိတ်ဆက်နိုင်ခဲ့ခြင်းသည် Trump အစိုးရလက်ထက် အမေရိကန်နိုင်ငံ၏ဒရုန်းပေါ်လစီ သိသိသာသာ ပြောင်းလဲလာမှု၏အခြေအနေတစ်ရပ်ကို ဖော်ညွှန်းနေသည်။ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၀ ရက်ကထုတ်ပြန်ခဲ့သည့် “အမေရိကန်စစ်ဘက်ဒရုန်းလွှမ်းမိုးမှုကို ဖော်ထုတ်ခြင်း”ဟုအမည်ပေးထားသော မူဝါဒနှင့် ဆက်စပ်နေလျက်ရှိပြီး ၎င်းမူဝါဒကို ကာကွယ်ရေးဝန်ကြီး Pete Hegseth က လက်မှတ်ရေးထိုးခဲ့ပြီး သမ္မတအမိန့်အမှတ် (၁၄၃၀၇) ဖြင့် ထုတ်ပြန်ထားသော အဆိုပါမူဝါဒသစ်သည် ဒရုန်းဝယ်ယူမှုနှုန်းကို သိသိသာသာမြှင့်တင်ရန်၊ ဝယ်ယူရေးဆိုင်ရာစည်းမျဉ်းစည်းကမ်း လျှော့ပေါ့ရန်နှင့် တစ်ခါသုံးတိုက်ခိုက်ရေးဒရုန်းများ တိုးချဲ့လုပ်ဆောင်သွားရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ LUCAS ဒရုန်းများ ထွက်ပေါ်လာခြင်းသည် အီရန်ထုတ်ပုံစံတူဖြစ်ရုံမျှသာမက ကွန်ရက်ချိတ်ဆက်နိုင်သော ဖွဲ့စည်းပုံနှင့်ပြန်၍သုံးနိုင်သော အစားထိုးနည်းလမ်းတစ်ခုအနေဖြင့် ခေတ်သစ်စစ်ပွဲများတွင် ပြောင်းလွယ်ပြင်လွယ်ရှိရာ LUCAS ဒရုန်းများဖြင့် စစ်ဆင်ရေးအရ လိုက်လျောညီထွေဖြစ်စေရန် ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်သည်။ ထို့ကြောင့် LU–CAS ဒရုန်းသည် နည်းပညာဆိုင်ရာတုံ့ပြန်မှုတစ်ခုသာမကမူဝါဒတစ်ခုဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာတိုက်ခိုက်ရေးဒရုန်းများပျံ့နှံ့မှုကို ဖော်ပြနေခြင်းဖြစ်ကြောင်း သိရသည်။

**US develops LUCAS kamikaze drone to surpass Iranian Shahed–136 as loitering munitions become core to future warfare.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၇၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၇၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ပဲတီစိမ်းဧက ၁၀၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၇၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ ရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာ တွေရှိတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# တောင်ငူမြို့နယ် ခပေါင်းတိန်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး



**တောင်ငူ ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခပေါင်းတိန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ခပေါင်းတိန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ချေးငွေများဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အစုအဖွဲ့ငါးဖွဲ့မှ ပြောင်းစိုက်ပျိုးရေးလုပ်ငန်း၊ သခွားစိုက်ပျိုးရေးလုပ်ငန်း၊ ကျွဲမွေးမြူရေးလုပ်ငန်း၊ ဝက်မွေးမြူရေးလုပ်ငန်းနှင့်ဒေသကြက် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမို လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

တောင်ငူမြို့နယ် ခပေါင်းတိန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အစုအဖွဲ့များဖြစ်သော ပြောင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော စိမ်းလန်းဝေဆာအစုအဖွဲ့မှ အဖွဲ့ဝင်ရှစ်ဦးအတွက် ငွေကျပ် သိန်း ၆၀၊ သခွားစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သော စိုပြေရှင်းသန့် အစုအဖွဲ့မှ အဖွဲ့ဝင်ကိုးဦးအတွက် ငွေကျပ် သိန်း ၆၀၊ ကျွဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော အောင်နိုင်သူအစုအဖွဲ့မှအဖွဲ့ဝင်ငါးဦးအတွက် ငွေကျပ် သိန်း ၆၀၊ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော တင်နိုင်ထွန်းအစုအဖွဲ့မှ အဖွဲ့ဝင် ငါးဦးအတွက် ငွေကျပ် သိန်း ၆၀၊ ဒေသကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော ပြည့်စုံဦးအစုအဖွဲ့မှ အဖွဲ့ဝင်ငါးဦးအတွက် ငွေကျပ်သိန်း ၆၀ စုစုပေါင်းအစုအဖွဲ့ ငါးဖွဲ့အတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)မှရန်ပုံငွေကျပ် သိန်း ၃၀၀ သိန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။

ကိုညီ

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခုံးမပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးခုံးမပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးခုံးမပိဿာချိန် ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လတစ်လအတွင်း ငါးခုံးမပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးခုံးမများ အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

''အခုဒေသထွက် ငါးခုံးမတွေကို ရန်ကုန်ဈေးကွက်သို့ အရင်ကထက် တင်ပို့အားကောင်းနေပါတယ်။ ပြည်တွင်း ငါးစားသုံးမှုများလာတာကြောင့် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးခုံးမပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငါးအရောင်းအဝယ်လုပ်သူတွေအတွက် အဆင်ပြေနေပါတယ်။ ငါးခုံးမ တစ်ပိဿာကို ငွေကျပ် ၁၄၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်''ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ငါးခုံးမများကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ရေလုပ်သားများ၊ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# နတ်တလင်းမြို့နယ် သခွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သခွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်သက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် သခွတ်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇၈ ဦးကို ငွေကျပ် ၂၆ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၅ ဦးကို ငွေကျပ် ၂၁ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

ရှေ့ဖုံးမှအဆက်

လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် လမ်းမတစ်လျှောက်လမ်းဘေးဝဲယာ၌ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ အဆင့်မြှင့်တင်မှုနှင့် လူသွားစင်္ကြံ တည်ဆောက်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လမ်းဘေးဝဲယာ၌ သန့်ရှင်းသာယာပြီး လမ်းအင်္ဂါရပ်များနှင့် ပြည့်စုံရေးဆောင်ရွက်ရန်၊ ရေနုတ်မြောင်းများပိတ်ဆို့မှုမရှိစေရေး၊ရေထွက်ပေါက်များမှရေများအလွယ်တကူစီးဆင်းသွားနိုင်ရေး စနစ်တကျတွက်ချက်၍ တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်တုန်းလမ်းတစ်လျှောက်နှင့်ရွှေပြည်သာမြို့နယ် အမှတ် ၄ လမ်းတစ်လျှောက် ရေနုတ်မြောင်းများ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ မော်တော်ကားလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုမော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
လှိုင်သာယာမြို့နယ်အတွင်းရှိ
ရန်ကုန် - ပုသိမ်လမ်းမတစ်လျှောက်
ရေစီးရေလာကောင်းမွန်စေရေး
ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို
ကြည့်ရှုစစ်ဆေးစဉ်။

# စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ပေါ်ရှိ ဝန်ကြီးဌာနပိုင် အဆောက်အအုံနှင့်မြေနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံပိုင်အဆောက်အအုံနှင့်ပစ္စည်းများအား လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးစနစ်တကျ ထိန်းသိမ်းထားရှိရန် တာဝန်ရှိသူများကို မှာကြားသည်။



ထို့နောက် ဟိုတယ်စစ်ကိုင်း၌ စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ငလျင်ကြောင့် ရပ်တန့်သွားသော စစ်ကိုင်းမြို့၏ ခရီးသွားလုပ်ငန်းများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၏လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေစေရေးအတွက် ညှိနှိုင်းပေါင်းစပ်ပေးရန် လာရောက် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်ပခရီးသွားတိုးတက်ဝင်ရောက်လာရေးအတွက် သာမက ပြည်တွင်းခရီးသွား တိုးတက်ရေးကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ကြောင့်ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် အမြန်ဆုံး ပြန်လည်ထူထောင်လာရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊လုပ်ငန်းများလည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ပြန်လည်မွမ်းမံပြင်ဆင်လျက်ရှိသည့် စစ်ကိုင်းမြို့ပေါ်ရှိဟိုတယ်နှင့်တည်းခိုရိပ်သာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင်ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်ကြရန်မှာကြားကာ စစ်ကိုင်းမြို့ပေါ်ရှိခရီးသွားဆွဲဆောင်ရာနေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေးတောင်သူများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ကွင်းအမှတ်(၁၆၂၀) ယာယီရှင်းလင်းဆောင်တွင် တောင်သူများနှင့်တွေ့ဆုံ၍ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာကို အဓိကထားသုံးစွဲရေးနှင့် တောင်သူများသဘာဝမြေဩဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်ရေး၊ မြေပြုပြင်ရာတွင် စံချိန်မီအောင်ပြုပြင်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပေါ်ဆန်းနှင့် အောင်နိုင်တိုးစပါးမျိုးများကို အဓိကထားစိုက်ပျိုးနိုင်ရေး၊ ကြဲခင်းစနစ်ပပျောက်အောင် မျိုးစေ့ချကိရိယာနှင့် လက်ဆွဲကောက်စိုက်စက်များ အသုံးပြုစိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မျိုးစပါးများ၊ မျိုးစေ့ချကိရိယာများနှင့် သွင်းအားစုများကို တောင်သူများထံပေးအပ်ပြီး တောင်သူများ၏ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နွေစပါးရိတ်သိမ်းပြီး စိုက်ခင်းများအား မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး စက်ယန္တရားများဖြင့် မြေပြုပြင်နေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံသစ်တပ်ကျေးရွာအကြား လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ရေမြောင်းများကို သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျတူးဖော်ရေးနှင့်ရှင်းလင်းဆောင်ရွက်ထားရေး၊ Box Culvert များတွင် အမှိုက်များပိတ်ဆို့မှုမရှိစေရေးနှင့် လမ်းဘေးဝဲယာသန့်ရှင်းသာယာလှပရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ရာဇဌာနီလမ်းမကြီး လမ်းပိုင်းများအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် Regulating Course Mix Design ပြန်လည်အဆင့်မြှင့်တင် ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)





# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးရာသီငါးမျိုးစိုက်ထည့်ပွဲကျင်းပ




**နေပြည်တော် ဇူလိုင် ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီရုံးအနောက်ဘက်ရှိ ငလိုက်ရာဘာရေလှောင်ဆည်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများနှင့်အတူ ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်များကို ငလိုက်ရာဘာရေလှောင်ဆည်အတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးမြစ်ချင်းနှင့် ငါးခုံးမ သားပေါက်အကောင် ၁၁၀၀၀ ကို စားနပ်ရိက္ခာပေါကြွယ်ဝရေး၊ ရေသယံဇာတများထိန်းသိမ်းရေး၊ ငါးမျိုးမပြုန်းတီးရေး စသည့်ရည်ရွယ်ချက်များဖြင့် ငလိုက်ရာဘာရေလှောင်ဆည်အတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသနိုင်မည့် အခြေအနေနှင့် ရိုက်ကူးထုတ်လုပ်ရန်လိုအပ်မှုအခြေအနေကိုလည်းကောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူများနှင့် ရုပ်ရှင်ရုံပိုင်ရှင်များ ညှိနှိုင်းပေါင်းစပ်၍ အားလုံးအဆင်ပြေစေမည့် ရုံတင်ပြသမှုစနစ် ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန် လိုအပ်နေမှုအခြေအနေကို လည်းကောင်း၊ နိုင်ငံတော်အစိုးရက ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည့်အခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ရုပ်ရှင်ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် ရုပ်ရှင်ဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍအသီးသီးကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိစက်ရုံများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ(ပြင်ဦးလွင်)သို့ ရောက်ရှိပြီး အထက်မြန်မာပြည်ရှိ MSME များမှ ထုတ်လုပ်သည့် စားသောက်ကုန်များအရည်အသွေးပြည့်မီစွာထုတ်လုပ်ရေး၊ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် MSME များမှ ထုတ်လုပ်သည့် စားသောက်ကုန်များ၊ စွန့်ပစ်ရေများစမ်းသပ်စစ်ဆေးနေမှု၊ ပြင်ဦးလွင်ခရိုင်ရှိ MSME များဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြင်ဦးလွင်ခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးဖွင့်လှစ်၍ လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက MSME များမှထုတ်လုပ်သောစားသောက်ကုန်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးနိုင်ရေးအတွက် ဝန်ထမ်းများ၏ကျွမ်းကျင်မှုများကိုအဆင့်မြှင့်တင်နိုင်ရန် ဓာတ်ခွဲခန်းဆိုင်ရာသင်တန်းများတက်ရောက်နိုင်ရေးစီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ MSME များ၏လိုအပ်ချက်ကိုသိရှိအောင်ဆောင်ရွက်ပြီးထိရောက်သည့် ကူညီပံ့ပိုးဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ ဆပ်ပြာစက်ရုံ(မန္တလေး)နှင့် မဟာအောင်မြေမြို့နယ်ရှိမဟာအောင်မြေခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးတို့၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများပြင်ဆင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများပြန်လည်ပြင်ဆင်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ-၂၀၂၅နှင့် အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်အတွင်းရှိ လှိုင်းကာလာသွပ်ပြားလိုင်းဖော်လုပ်ငန်း၊ တော်ဝင်သွပ်ပြားလိုင်းဖော်လုပ်ငန်း၊ Top One Oneသွပ်လိုင်းဖော်လုပ်ငန်းတို့ကိုသွားရောက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း)၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၊ မြစ်သားမြို့နယ်ရှိအမှတ်(၇)အထည်စက်ရုံ(မြစ်သား)တို့ကိုရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများကို စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(င) ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ရမည်။

(စ) တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကို ဥပဒေနှင့်အညီ စစ်ဆေးနိုင်သည်။

(ဆ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး သို့မဟုတ် ရေထုညစ်ညမ်းမှု တုံ့ပြန်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် လေကြောင်းပျံသန်းမှု လိုအပ်ပါက လေယာဉ်ရရှိရေးအတွက် သက်ဆိုင်ရာသို့တင်ပြခြင်း သို့မဟုတ် တောင်းခံခြင်း ဆောင်ရွက်နိုင်သည်။

၁၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၁၆ ပါ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ကသတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၈။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများထံမှ တောင်းခံရယူခွင့်ရှိသည်။

၁၉။ ကမ်းခြေစောင့်တပ်ဖွဲ့သည်-

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံခြားရေယာဉ်ပေါ်တွင် လူပုဂ္ဂိုလ်တစ်ဦးဦးက ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ပြည်ပတွင် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်လာသူက နိုင်ငံခြားရေယာဉ် တစ်စီးစီးတွင် စီးနင်းလိုက်ပါလာကြောင်း သတင်းရရှိပါက ထိုသူကိုအရေးယူနိုင်ရန် ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ခ) ပြည်ပတွင် ပြစ်မှုကျူးလွန်ခဲ့သည့် နိုင်ငံခြားရေယာဉ် တစ်စီးစီးသည် ရေပြင်နယ်နိမိတ်အတွင်း ဝင်ရောက်လာကြောင်း ကိုယ်တိုင်သိရှိပါက သို့မဟုတ် သတင်းရရှိပါက အဆိုပါ ရေယာဉ်ကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်တွင်းပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်သည်။

၂၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်နှင့် ရှားပါးမျိုးစိတ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ညစ်ညမ်းမှုကာကွယ်တားဆီးခြင်း၊ ညစ်ညမ်းမှုတုံ့ပြန်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအစိုးရဌာနများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကင်းလှည့်စစ်ဆေးခြင်း သို့မဟုတ် ရှာဖွေကယ်ဆယ်ခြင်းဆိုင်ရာလေ့ကျင့်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၂၂။ (က) မည်သူမျှ သို့မဟုတ် မည်သည့်ရေယာဉ်မျှ နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ပြာစီးပွားရေးကို ထိခိုက်ပျက်စီးစေမည့် ပြုလုပ်မှုတစ်ခုခုကို မပြုရ။

(ခ) မည်သူမျှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေအရ သတ်မှတ်သည့် ဆိပ်ကမ်းနယ်နိမိတ် ပြင်ပရှိ ရေပြင်နယ်နိမိတ်အတွင်းတွင် အစိုးရအဖွဲ့၏ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရေလမ်းကြောင်းပိတ်ဆို့စေနိုင်သော သို့မဟုတ် ရေကြောင်းသွားလာမှုကို ဟန့်တားခြင်း ဖြစ်ပေါ်စေနိုင်သော သို့မဟုတ် တစ်နည်းနည်းဖြင့် ထိခိုက်စေနိုင်သော ရေယာဉ်ကိုဖြစ်စေ၊ ပစ္စည်းတစ်မျိုးမျိုးကိုဖြစ်စေ၊ ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သော ပစ္စည်းတစ်မျိုးမျိုးကို ဖြစ်စေ စွန့်ပစ်ခြင်း၊ တစ်နည်းနည်းဖြင့် ရောက်ရှိစေခြင်း သို့မဟုတ် တည်ဆောက်ခြင်း မပြုရ။

(ဂ) မည်သူမျှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်ထားသည့် ဆိပ်ကမ်းနယ်နိမိတ် ပြင်ပရှိ ရေပြင်နယ်နိမိတ်အတွင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်းတံတားတစ်မျိုးမျိုးကိုသော်လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွန်းလမ်းတစ်မျိုးမျိုးကိုသော်လည်းကောင်း တည်ဆောက်ခြင်း မပြုရ။

(ဃ) မည်သူမျှ လူနေထိုင်ခြင်းမပြုရန် သတ်မှတ်ထားသည့် ကျွန်းများတွင် ဝင်ရောက်နေထိုင်ခြင်း မပြုရ။

(င) မည်သူမျှညစ်ညမ်းမှုတုံ့ပြန်ရေးအထောက်အကူပြုပစ္စည်း သို့မဟုတ် ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းကိုဖယ်ရှားခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ရေတွင်မျှောခြင်း သို့မဟုတ် ခိုးယူခြင်း မပြုရ။

(စ) မည်သူမျှ သို့မဟုတ် မည်သည့်ရေယာဉ်မျှ နိုင်ငံတော်၏ အတွင်းပိုင်း ရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် မမှန်ကန်သောအမှတ်အသားကိုဖော်ပြခြင်း၊ တရားမဝင် အလံလွှင့်ထူခြင်း သို့မဟုတ် အတုပြုလုပ်ထားသော စာရွက်စာတမ်းကို သယ်ဆောင်ခြင်း မပြုရ။

(ဆ) နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်းသို့ ခုတ်မောင်းလာသည့် မည်သည့်ရေယာဉ်မျှ ပုဒ်မ ၁၃ အရ သတ်မှတ်ထားသော သတင်းအချက်အလက်ကို ပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် မမှန်မကန်သတင်းပို့ခြင်း မပြုရ။

(ဇ) မည်သည့် ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမျှ ရေပြင်နယ်နိမိတ်အတွင်းတွင် အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်အပေါ် ညစ်ညမ်းမှုဖြစ်စေသည့် သို့မဟုတ် ထိခိုက်ပျက်စီးစေသည့် ပြုလုပ်မှုတစ်ခုခုကို မပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၃။ (က) မည်သူမဆို သို့မဟုတ် မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ထို့ပြင် အဆိုပါပြုလုပ်မှုကြောင့် ပေါ်ပေါက်လာသည့် နစ်နာဆုံးရှုံးမှုကိုလည်းကောင်း၊ အဆိုပါ အရာဝတ္ထုများကို ဖယ်ရှားရှင်းလင်းရသည့် ကုန်ကျစရိတ်ကို လည်းကောင်း ပြစ်မှုကျူးလွန်သူက ပေးလျော်စေရမည်။

(ဂ) မည်သူမဆို-

(၁) ပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် အဆိုပါ တည်ဆောက်ထားသည့် အရာများကို ပြစ်မှုကျူးလွန်သူက မိမိစရိတ်ဖြင့် သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ ပြန်လည်ရောက်ရှိစေရန် ဖယ်ရှားရှင်းလင်းစေရမည်။

(၂) ပုဒ်မခွဲငယ်(၁)ပါသတ်မှတ်ကာလအတွင်း ဖယ်ရှားရှင်းလင်းခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ပုဒ်မခွဲငယ်(၁)ပါ သတ်မှတ်ကာလစေ့ရောက်သည့်နေ့မှစ၍ အဆိုပါ တည်ဆောက်ထားသည့်အရာများ ဖယ်ရှားရှင်းလင်းပြီးသည့်နေ့အထိ နေ့စဉ် ငွေဒဏ် ကျပ်သိန်း ၁၀၀ စီ ပေးဆောင်စေရမည်။

(ဃ) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည်။

(င) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(စ) မည်သူမဆို သို့မဟုတ် မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်သိန်း ၁,၀၀၀ အောက် မလျော့သည့် ငွေဒဏ်ချမှတ်ရမည်။

(ဆ) မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ) ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁,၀၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဇ) ပုဒ်မ ၂၂ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုလုပ်ငန်း ပိုင်ရှင်ကိုဖြစ်စေ၊ တာဝန်ရှိသူကို ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခံရသူကို ဖြစ်စေ ညစ်ညမ်းမှု သို့မဟုတ် ထိခိုက်ပျက်စီးမှု ပမာဏအလိုက် ဆုံးရှုံးမှုတန်ဖိုးငွေ၏ လေးဆကို ငွေဒဏ်အဖြစ် ချမှတ်ရမည်။

၂၄။ မည်သူမဆို-

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ထို့အပြင် ဖောက်ဖျက်မှုကြောင့် ပေါ်ပေါက်လာသည့် ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် ပြစ်မှုကျူးလွန်သူက မိမိစရိတ်ဖြင့် သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ ရောက်ရှိစေရန် ဆောင်ရွက်ပေးစေရမည်။

(ခ) ပုဒ်မခွဲ(က)ပါသတ်မှတ်ကာလအတွင်း မူလအနေအထားသို့ရောက်ရှိစေရန် ဆောင်ရွက်ခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ပုဒ်မခွဲ(က)ပါ သတ်မှတ်ကာလ စေ့ရောက်သည့်နေ့မှစ၍ အဆိုပါ ထိခိုက်နစ်နာဆုံးရှုံးမှုများ မူလအနေအထားသို့ ရောက်ရှိရန် ဆောင်ရွက်ပြီးသည့်နေ့အထိ နေ့စဉ်ငွေဒဏ်ကျပ်သိန်း ၁၀၀ စီ ပေးဆောင်စေရမည်။

## အခန်း (၁၂)
## ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် လွှဲပြောင်းခြင်း

၂၅။ ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် အောက်ပါတားမြစ်ချက် သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်သူကို ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံသို့ လွှဲပြောင်းပေးခြင်းတို့ကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာတည်ဆဲဥပဒေများပါ တားမြစ်ချက်များ၊

(ခ) နိုင်ငံတကာသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များ။

၂၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးချုပ်နှောင်ပြီး ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို သိမ်းဆည်း၍ ထိုပြစ်မှုကျူးလွန်သူကို သက်သေခံပစ္စည်းနှင့်တကွ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံသို့ သတ်မှတ်ပုံစံဖြင့် လွှဲပြောင်းခြင်းသို့မဟုတ် နီးစပ်ရာရဲစခန်းသို့ သတင်းပေးတိုင်ကြားခြင်း ပြုနိုင်သည်။

၂၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၂၅ သို့မဟုတ် ၂၆ အရ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းခံရသူက နာမကျန်းသည့်အခြေအနေတွင် သက်ဆိုင်ရာမှတ်ပုံတင် ဆရာဝန်၏ထောက်ခံချက်ဖြင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ဆေးကုသမှုခံယူခွင့်ပြုနိုင်သည်။

၂၈။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၂၅ သို့မဟုတ် ၂၆ အရ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းခံရသူကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ရာတွင် ထိုသူ၏ လုံခြုံရေးအရဖြစ်စေ၊ ကျန်းမာရေးအရဖြစ်စေ လိုအပ်ပါက မိမိ၏အစီအစဉ်ဖြင့် ပို့ဆောင်နိုင်သည်။ **စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

၂၉။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စွပ်စွဲခံရသူသည် နိုင်ငံခြားသားဖြစ်ပါက ဤဥပဒေအရသော်လည်းကောင်း တရားခံလွှဲပြောင်းရေးဥပဒေအရသော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်သည်။

၃၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည်-

(က) ပြည်ပတွင်ပြစ်မှုကျူးလွန်ပြီး ရေပြင်နယ်နိမိတ်အတွင်းသို့ ဝင်ရောက်နေသော နိုင်ငံခြားသားတစ်ဦးဦးကို စစ်ဆေးတွေ့ရှိပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ခ) ပြည်ပတွင် ပြစ်မှုကျူးလွန်ခဲ့သည့် နိုင်ငံခြားရေယာဉ်တစ်စီးစီးသည် ရေပြင်နယ်နိမိတ်အတွင်း ဝင်ရောက်နေကြောင်း ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ သတင်းရရှိလျှင်ဖြစ်စေ အဆိုပါရေယာဉ်ကို စစ်ဆေးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ကိစ္စရပ်များ ဆောင်ရွက်နိုင်သည်။

### အခန်း (၁၃)
### အထွေထွေ

၃၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည်-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည်ဟု ယုံကြည်ရန် အကြောင်းရှိသော နိုင်ငံခြားရေယာဉ်ကို ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးရာတွင် သင့်လျော်သည့် အင်အားသုံးခွင့် ရှိသည်။

၃၂။ ကမ်းခြေစောင့်တပ်ဖွဲ့ သို့မဟုတ် တပ်ဖွဲ့ဝင်က တာဝန်အရ ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်းအား ဟန့်တားသူကို ရာဇသတ်ကြီးနှင့်အညီ အရေးယူခွင့်ရှိသည်။

၃၃။ ကမ်းခြေစောင့်တပ်ဖွဲ့သည် အဏ္ဏဝါပတ်ဝန်းကျင် ညစ်ညမ်းမှုတုံ့ပြန်ရေးဆောင်ရွက်ရာတွင် ကျိုးကြောင်းဆီလျော်စွာ ဆောင်ရွက်ရသည့်ကိစ္စရပ်များအတွက် ကုန်ကျစရိတ်များကို ညစ်ညမ်းမှု ဖြစ်ပေါ်စေသူထံမှ သတ်မှတ်ချက်နှင့်အညီ ပြန်လည်တောင်းခံခွင့်ရှိသည်။

၃၄။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို အရေးယူဆောင်ရွက်ခြင်းသည် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို ထိခိုက်ခြင်း မရှိစေရ။

၃၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း တရားမဝင် ဖြတ်ကျော်ဝင်ရောက်မှု အပါအဝင် ပင်လယ်ရေကြောင်းကို အသုံးပြု၍ ကျူးလွန်သောပြစ်မှုများကို တားဆီးနှိမ်နင်းခြင်း၊ သက်သေခံပစ္စည်းများသိမ်းဆည်းခြင်း၊ သက်သေခံပစ္စည်းများကို တရားရုံးသို့တင်ပြခြင်းတို့ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆီလျော်သရွေ့ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၃၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် စွန့်ပစ်ခံရေယာဉ် သို့မဟုတ် အန္တရာယ်ရှိသော ရေယာဉ်ပျက်ကို ဆယ်တင်ခြင်းနှင့် ရှင်းလင်းဖယ်ရှားခြင်းတို့တွင် ဆယ်တင်သူ၏ အခွင့်အရေးကို ရယူခွင့်ရှိသည်။

၃၈။ တပ်ဖွဲ့ဝင်များသည် ဤဥပဒေပါ ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

၃၉။ ကမ်းခြေစောင့်တပ်ဖွဲ့သည်-

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စရပ်များတွင်ဖြစ်စေ၊ နိုင်ငံတော်လုံခြုံရေးတွင်ဖြစ်စေ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အမှုထမ်း၊ အရာထမ်းများကို ကမ်းခြေစောင့်တပ်ဖွဲ့ဝင်အဖြစ် တွဲဖက်တာဝန် ထမ်းဆောင်နိုင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်တွင်ဖြစ်စေ၊ နိုင်ငံတော်လုံခြုံရေးတွင်ဖြစ်စေ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အမှုထမ်း၊ အရာထမ်းများကို ကမ်းခြေစောင့် တပ်ဖွဲ့ဝင်အဖြစ် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်နိုင်စေရန် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၄၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်သည့် ပြည်တွင်းပြည်ပအထောက်အပံ့ သို့မဟုတ် နည်းပညာဆိုင်ရာ အကူအညီများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရယူနိုင်သည်။

၄၁။ တပ်ဖွဲ့ဝင်စည်းကမ်းထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ တပ်ဖွဲ့ဝင်အရာရှိများ၊ တပ်ဖွဲ့ဝင်အမှုထမ်းများ၊ အရပ်ဘက်အရာရှိများနှင့် အရပ်ဘက်အမှုထမ်းများသည် ၎င်းတို့နှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများကို လိုက်နာရမည်။

၄၂။ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် ဤဥပဒေပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့် နိုင်ငံတကာ သဘောတူစာချုပ်များအပြင် ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲကထုတ်ပြန်သည့် တပ်ဖွဲ့တွင်းအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၄၃။ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရာတွင်သော်လည်းကောင်း၊ ရေယာဉ် သို့မဟုတ် အခြားသက်သေခံပစ္စည်းများကို သိမ်းဆည်းရာတွင်သော်လည်းကောင်း စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သော တပ်ဖွဲ့ဝင်ကိုဖြစ်စေ၊ သတင်းပေးသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို လုပ်ဆောင်မှုဆိုင်ရာ ဆုကြေး သို့မဟုတ် ဆုတံဆိပ်များ ပေးအပ်နိုင်သည်။

၄၄။ ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတကာစည်းမျဉ်းများ၊ လမ်းညွှန်ချက်များ၊ ဆက်သွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်ထားသည့် လှိုင်းနှုန်းခွင် (Frequency Band) များကို အသုံးပြုခွင့်ရှိသည်။

၄၅။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် တပ်ဖွဲ့ဝင်တစ်ဦးဦးကို တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၄၆။ ဤဥပဒေအရ ချမှတ်သည့်ငွေဒဏ်ကိုမြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် ငွေပေးချေမှုနည်းလမ်းများအတိုင်း ပေးဆောင်စေရမည်။

၄၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကမ်းခြေစောင့်တပ်ဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်( ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

၆၃ ကြိမ်မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက တပ်မတော်စက်ပစ်ကွင်း(ပြင်ဦးလွင်)၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ကြပြီး တပ်မတော်ပစ်ခတ်စဉ် (အမျိုးသား) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ တတိယဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တပ်မတော်ပစ်ခတ်စဉ် (အမျိုးသမီး) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်း၊ တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အပြည်ပြည်ဆိုင်ရာပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တတိယဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ရိုင်ဖယ်လက်ဖြောင့်ပွဲစဉ်တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း၊ ရိုင်ဖယ် (အမျိုးသား)ပွဲစဉ်(၂)တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုကြီး၊ ပစ်ခတ်စဉ်ဒိုင်းဆု၊ အမှတ်တရဒိုင်းငယ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တပ်မတော်( ကြည်း၊ရေ၊လေ)မှ ပြိုင်ပွဲဝင်အသင်း ၁၈ သင်းဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင် ၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

## ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# “မြန်မာ့တန်ဖိုး . . . မြန်မာ့အနာဂတ်” (Myanmar’s Value – Myanmar’s Future)

**မောင်မိုး**

**ယမန်နေ့မှအဆက်**

တစ်ပြိုင်နက်တည်းတွင်ပင် နိုင်ငံရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစတင်၍ ထာဝရငြိမ်းချမ်းရေးကိုရှေးရှုကာ တပ်မတော်မှ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲပေးခဲ့မှုများ အကြိမ်ရေများစွာရှိခဲ့ပြီး မတ်လ ၂၈ ရက် မန္တလေးငလျင်ကြီးလှုပ်ခတ်အပြီးတွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပေါ် အားသွန်ခွန်စိုက်ပြုလုပ်နိုင်ရန်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် အထူးအထူးကိစ္စရပ်အနေဖြင့် တပ်မတော်မှအပစ်အခတ်ရပ်စဲရေးဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၂၀၂၅ ခုနှစ် မတ်လအတွင်း ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk–2025)နှင့် ဧပြီလအတွင်း ငြိမ်းချမ်းရေးဖိုရမ် (Peace Forum–2025) ကိုကျင်းပခဲ့ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့်လေ့လာသူများ စသည့်အလွှာစုံ အစုအဖွဲ့အသီးသီးမှ တက်ရောက်ဆွေးနွေးဆောင်ရွက်မှုများကိုကြည့်ခြင်းဖြင့် အစိုးရနှင့်ပြည်သူများက ငြိမ်းချမ်းမှုရရှိရေးအတွက် မည်မျှဆန္ဒပြင်းပြလျက်ရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ငြိမ်းချမ်းရေးစကားဝိုင်းများတွင်-

**“ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA စာချုပ်ရဲ့ အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက်ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုတွေကရရှိလာတဲ့ “အသိတရား”တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် “အရှိတရား” တွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ “ပြည်ထောင်စုနိုင်ငံ” ထူထောင်နိုင်ဖို့ဖြစ်ပါတယ်”**ဟု အလေးအနက်ထားပြောကြားခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ **လက်ရှိမြန်မာနိုင်ငံရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်များ၊ ပြည်ထောင်စုကြီးပြိုကွဲရန် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်လုပ်ရပ်များအားလုံးကိုကျော်လွှား၍ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးက “မီးလျှံကြားမှ ဇာမဏီငှက်”ကဲ့သို့ အတူရုန်းထကြိုးပမ်းဆောင်ရွက်ကာ ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးကို ခိုင်မာအားကောင်းစေရန် မြှင့်တင်ရင်း ပိုမိုကောင်းမွန်သောအနာဂတ်တစ်ခုဆီသို့ ချောမွေ့အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။**

**မြန်မာ့အနာဂတ်(Myanmar’s Future)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် “မိမိကိုယ်ကို အားကိုးခြင်းမူဝါဒ (Self Reliance Policy)”ကို အခြေခံ၍ ပြည်သူများနှင့်အတူ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုရည်မှန်းတည်ဆောက်လျက်ရှိသည်။ ထို့ပြင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း “လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်”ကျင်းပ၍ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။ ရွေးကောက်ပွဲများမှတစ်ဆင့်ပေါ်ထွက်လာမည့် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်သည် အာဏာခွဲဝေကျင့်သုံးခြင်း(Power Sharing)၊ သယံဇာတခွဲဝေခြင်း(Resource Sharing) အစရှိသည်တို့ကို လွှတ်တော်များမှတစ်ဆင့် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းက ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်လည်း ကြီးမားသောအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

**ယခုကျင်းပမည့် ရွေးကောက်ပွဲသည် နိုင်ငံသားအားလုံးအတွက် နိုင်ငံရေးဖြစ်စဉ်တစ်ခုထက်ပိုသော မျှော်လင့်ချက်များကို ဆောင်ကြဉ်းလာမည်ဖြစ်သည်။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့်တန်ဖိုးများကို ပြန်လည်မြှင့်တင်နိုင်မည်ဖြစ်ပြီး အခွင့်အလမ်းများဖြင့် ပြည့်နှက်နေသော မြန်မာ့အနာဂတ်ကိုပုံဖော်ရန် ကတိကဝတ်လည်းဖြစ်သည်။ ရွေးကောက်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံသည် တင့်တယ်စွာ၊ တန်ဖိုးသိစွာ၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်မှုကို ကမ္ဘာ့အလယ်တွင် ထင်ဟပ်ပြသနိုင်မည်ဖြစ်သည်။ မေးမှိန်သယောင်၊ ညှိုးနွမ်းသယောင်ဖြစ်နေသည့် မြန်မာ့တန်ဖိုးများကို အရောင်တင်ခြင်းဖြင့် မြန်မာ့အနာဂတ်ကို ပုံဖော်ခြယ်သရမည်ဖြစ်သည်။**

စာမျက်နှာ ၂၁ သို့











**လက်ရှိမြန်မာနိုင်ငံရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်များ၊ ပြည်ထောင်စုကြီးပြိုကွဲရန် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်လုပ်ရပ်များအားလုံးကို ကျော်လွှား၍ အစိုးရ၊ တပ်မတော်နှင့်ပြည်သူတစ်ရပ်လုံးက “မီးလျှံကြားမှ ဇာမဏီငှက်”ကဲ့သို့ အတူရုန်းထ ကြိုးပမ်းဆောင်ရွက်ကာ ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးကို ခိုင်မာအားကောင်းစေရန်မြှင့်တင်ရင်း ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုဆီသို့ ချောမွေ့အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။**

**ယခုကျင်းပမည့်ရွေးကောက်ပွဲသည် နိုင်ငံသားအားလုံးအတွက် နိုင်ငံရေးဖြစ်စဉ်တစ်ခုထက်ပိုသော မျှော်လင့်ချက်များကိုဆောင်ကြဉ်းလာမည်ဖြစ်သည်။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့်တန်ဖိုးများကို ပြန်လည်မြှင့်တင်နိုင်မည်ဖြစ်ပြီး အခွင့်အလမ်းများဖြင့် ပြည့်နှက်နေသော မြန်မာ့အနာဂတ်ကိုပုံဖော်ရန် ကတိကဝတ်လည်းဖြစ်သည်။ ရွေးကောက်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံသည် တင့်တယ်စွာ၊ တန်ဖိုးသိစွာ၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်မှုကို ကမ္ဘာ့အလယ်တွင် ထင်ဟပ်ပြသနိုင်မည်ဖြစ်သည်။ မေးမှိန်သယောင်၊ ညှိုးနွမ်းသယောင်ဖြစ်နေသည့် မြန်မာ့တန်ဖိုးများကို အရောင်တင်ခြင်းဖြင့် မြန်မာ့အနာဂတ်ကိုပုံဖော်ခြယ်သရမည်ဖြစ်သည်။ မြန်မာ့တန်ဖိုးမြှင့်တင်ရေးကဏ္ဍ (Myanmar’s Value)နှင့် မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးကဏ္ဍသည် အနှစ်သာရအားဖြင့်လည်း ထပ်တူကျလျက်ရှိသည်။**

**စာမျက်နှာ ၂၀ မှအဆက်**

**မြန်မာ့တန်ဖိုးမြှင့်တင်ရေးကဏ္ဍ(Myanmar's Value)နှင့် မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးကဏ္ဍသည် အနှစ်သာရအားဖြင့်လည်း ထပ်တူကျလျက်ရှိသည်။**

လက်ရှိ အခြေအနေများအရ ရွေးကောက်ပွဲကျင်းပခြင်းကိုထွက်ပေါက်ဟု မယူဆနိုင်ပါ။ လာမည့်ရွေးကောက်ပွဲသည် အနာဂတ်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးဆီသို့ ချိတ်ဆက်ရာ မုခ်ဦးတံခါးဝတစ်ခုဟုဆိုနိုင်သည်။ **"ရွေးကောက်ပွဲပင်မတံခါးကြီးကို ဖွင့်လှစ်ဝင်ရောက်ပြီး ပဋိပက္ခမှန်သမျှ နိုင်ငံရေးစားပွဲဝိုင်းများအပေါ်တွင် ဖြေရှင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများဖော်ဆောင်ကာ ညီညွတ်မှုကိုတည်ဆောက်ရင်း မြန်မာ့တန်ဖိုးများကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအစီအရီအသင့်ရှိနေကြမည့်ပုံရိပ်ကို လှမ်းမျှော်ကြည့်နိုင်သည်။ ယခုလာမည့်ရွေးကောက်ပွဲသည် အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုလမ်းမကြီးဆီသို့ ချိတ်ဆက်ပေးမည့် ပေါင်းကူးတံတားကြီးပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာတစ်မျိုးသားလုံး၏ မျှော်လင့်ချက်များစုစည်းပေါင်းစုံရာ ပြည်ထောင်စုအိမ်ကြီး၏ဝင်ပေါက်တစ်ခု(Gateway to Democracy)ဟုလည်း ဆိုနိုင်သည်။"**

**မြန်မာ့လမ်းကြောင်း…မြန်မာ့အနာဂတ် (Myanmar's Way–Myanmar's Future)**

မြန်မာ့အနာဂတ်သို့ လျှောက်လှမ်းရာ လမ်းကြောင်းသည် လွယ်ကူသောလမ်းမဟုတ်ပေ။ သို့ဖြစ်ရာ အခက်အခဲများနှင့် စိန်ခေါ်မှုများကိုရင်ဆိုင်ရင်း အခွင့်အလမ်းများ ဖော်ထုတ်အသုံးပြုနိုင်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာ့အနာဂတ်ကို အကောင်အထည်ဖော်တည်ဆောက်ရာတွင် ဦးစွာ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးသည် အလွန်အဓိကကျနေသည်။

အနာဂတ်အစီအမံများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေး မြန်မာ့လမ်းကြောင်းကို လျှောက်လှမ်းရာတွင် သမိုင်းတန်ဖိုး၊ နိုင်ငံရေးတန်ဖိုး၊ စီးပွားရေးတန်ဖိုး၊ ပထဝီဗဟိုချက်တန်ဖိုး၊ ဘာသာ၊ သာသနာယဉ်ကျေးမှုတန်ဖိုး၊ လူမှုရေးတန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးများကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်ခြင်းနှင့်အတူ ပြည်သူတစ်ဦးချင်းစီ၏ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လိုစိတ်၊ တာဝန်ယူလိုစိတ်၊ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်သော စွမ်းအားများဖြင့် ပြည်ထောင်စုကြီး ခိုင်မာအားကောင်းစေရန် စုစည်းပုံဖော်တည်ဆောက်သွားရန် လိုအပ်သည်။ သို့ဖြစ်၍လည်း ၂၀၂၅ ခုနှစ်မတ်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင်မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ"တွင် **နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မိမိတို့အနေဖြင့် အခွင့်အလမ်းများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နည်းလမ်းပေါင်းစုံဖြင့်ကျော်လွှားပြီး နိုင်ငံတိုးတက်ရေးကိုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့မှစပြီး "မြန်မာ့အနာဂတ်ဘဝလှပဖို့–မြန်မာ့တန်ဖိုးမြှင့်ကြစို့" ဟု" လေးနက်စွာတိုက်တွန်းပြောကြားခဲ့သည်။**

ယနေ့ မြန်မာနိုင်ငံသည် လေပြင်းမုန်တိုင်းများ ကင်းစင်ချိန်တွင် ပေါ်ထွက်လာသည့် သက်တံကြီးပမာ အရောင်အသွေးစုံလင်မျှတမှုကိုရှေးရှု၍ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ဆီသို့လှမ်းချီရမည့်အချိန်အခါပင်ဖြစ်သည်။ သို့ဖြစ်ရာ "သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မြန်မာ့တန်ဖိုးနှင့် မြန်မာ့ပထဝီအနေအထား၏အရေးပါစွာတည်ရှိနေမှုများကို အရာရောက်…ဖြစ်မြောက်အောင်မြင်သည်အထိ ပုံဖော်တည်ဆောက်နိုင်ရေးနှင့် နိုင်ငံတကာအလယ်တွင် အောက်တန်းနောက်တန်းမကျစေရေးတို့အတွက် မျိုးချစ်စိတ်နှင့်အတူ တက်ကြွသောနိုင်ငံသား(Active Citizen)စိတ်ဓာတ်များဖြင့် မေးမှိန်ပျောက်ကွယ်လုနီးဖြစ်နေသော "မြန်မာ့တန်ဖိုး" များကိုမြှင့်တင်ရင်း အနာဂတ်နေ့သစ်များဆီသို့ အတူတကွပေါင်းစည်းချီတက်ကြရမည့် အချိန်အခါသမယဖြစ်ပါကြောင်း…."။ ။

"ရွေးကောက်ပွဲပင်မတံခါးကြီးကို ဖွင့်လှစ်ဝင်ရောက်ပြီး ပဋိပက္ခမှန်သမျှ နိုင်ငံရေးစားပွဲဝိုင်းများအပေါ်တွင် ဖြေရှင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖော်ဆောင်ကာ ညီညွတ်မှုကိုတည်ဆောက်ရင်း မြန်မာ့တန်ဖိုးများကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအစီအရီအသင့်ရှိနေကြမည့်ပုံရိပ်ကို လှမ်းမျှော်ကြည့်နိုင်သည်။ ယခုလာမည့်ရွေးကောက်ပွဲသည် အနာဂတ်မြန်မာနိုင်ငံ၏ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုလမ်းမကြီးဆီသို့ ချိတ်ဆက်ပေးမည့် ပေါင်းကူးတံတားကြီးပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာတစ်မျိုးသားလုံး၏မျှော်လင့်ချက်များစုစည်းပေါင်းစုံရာ ပြည်ထောင်စုအိမ်ကြီး၏ဝင်ပေါက်တစ်ခု (Gateway to Democracy)ဟုလည်း ဆိုနိုင်သည်။"

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မိမိတို့အနေဖြင့် အခွင့်အလမ်းများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နည်းလမ်းပေါင်းစုံဖြင့်ကျော်လွှားပြီး နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့မှစပြီး "မြန်မာ့အနာဂတ်ဘဝလှပဖို့-မြန်မာ့တန်ဖိုးမြှင့်ကြစို့"ဟု" လေးနက်စွာ တိုက်တွန်းပြောကြားခဲ့သည်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၀၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂၀

စားသုံးသူပြည်သူများ စားအုန်းဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားအုန်းဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၀၅၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ကြောင်း သိရှိရသည်။


စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**❒ နေရာကွက်၍မိုးကြီးနိုင်မှုအဆက်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၀-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၇-၂၀၂၅ ရက်နေ့မှ ၂၂-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**



# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ရှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၉၀၈၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၂၀၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မုံရွာမြို့ ချင်းတွင်းမြစ်အနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ၂၇ ပီပါ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၅၅၀၀၀၀ ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၅၇၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၂၄ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၆၃၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ခြောက်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၄ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။












၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ခြောက်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၇၄၅၂၀ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

☆ **ကျောဖုံးမှအဆက်**

အကြမ်းဖက်သမားများ တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့နယ်တို့အား ယာယီထိန်းချုပ်ထားစဉ် ဒေသခံပြည်သူလူထုအနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ပစ်ပယ်ကာ ယာယီနေရပ်စွန့်ခွာခဲ့ရပြီး ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများ နိမ့်ကျခဲ့ရသည်။

ထို့ပြင် အကြမ်းဖက်သမားများအနေဖြင့် နောင်ချို-ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး လမ်းကြောင်းကို ထိန်းချုပ်၍ ဒေသတွင်းကုန်စည်စီးဆင်းမှုများ ရပ်တန့်အောင်လုပ်ဆောင်ခဲ့ကြသည်။ ထို့သို့လုပ်ဆောင်ခဲ့မှုကြောင့် နောင်ချိုမြို့၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ လောင်ဖန်းကျေးရွာအနီးရှိ Crown ဘိလပ်မြေစက်ရုံမှ နေ့စဉ် ထုတ်လုပ်နေလျက်ရှိသော ဘိလပ်မြေများကို မန္တလေးလျှင်ကြီးကြောင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်စဉ်က လိုအပ်လျက်ရှိသော နေရာများသို့ လွယ်ကူလျင်မြန်စွာပေးပို့နိုင်ခြင်းမရှိသဖြင့် ပြည်သူလူထုအနေဖြင့် ဘိလပ်မြေများကို ဈေးနှုန်းမြင့်မားစွာ ဝယ်ယူသုံးစွဲနေရကြောင်း သိရသည်။





နောင်ချို-ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင်-မန္တလေး လမ်းကြောင်းကြီး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုမည့် ဘိလပ်မြေများ တင်ဆောင်နေမှုနှင့် တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။

ယခုအခါ တပ်မတော်အနေဖြင့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့နယ်တို့ကို ထိန်းချုပ်နိုင်ခဲ့ပြီး နောင်ချို-ကျောက်ကြမ်း- အုမ္မခါး- အုမ္မသီး-ပြင်ဦးလွင်-မန္တလေး လမ်းကြောင်းကြီးကို ပြန်လည်ဖွင့်လှစ်ပေးနိုင်သောကြောင့် ကုန်စည်စီးဆင်းမှုများ လွယ်ကူစွာ စီးဆင်းနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဒေသခံပြည်သူလူထုအနေဖြင့်လည်း ၎င်းတို့၏ နေရပ်ဒေသသို့ စိတ်အေးချမ်းသာစွာ ပြန်လည်ဝင်ရောက်လာကြပြီး နေ့စဉ်လူမှုစီးပွားဘဝကို အေးချမ်းစွာ ပြန်လည်ဖော်ဆောင်လုပ်ကိုင်နိုင်တော့မည်ဖြစ်သည်။

တပ်မတော်အနေဖြင့် အဆိုပါလမ်းကြောင်းကြီးကို ပြန်လည်ဖွင့်လှစ်ပေးနိုင်သောကြောင့် ယနေ့တွင်လည်း Crown ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေများ တင်ဆောင်လာသော မော်တော်ယာဉ် ၅၉ စီးသည် တစ်စီးလျှင် ၃၃ တန်ဖြင့် စုစုပေါင်း ၁၉၄၇ တန် စုစုပေါင်း ဘိလပ်မြေအိတ် ၃၆၅၈၀ တို့ကို မန္တလေးမြို့နယ်သို့ သွားရောက်ပို့ဆောင်ပေးနေပြီဖြစ်ပြီး ယင်းသို့ ဘိလပ်မြေများ ပြန်လည်ပို့ဆောင်ပေးနိုင်မှုကြောင့် မန္တလေးလျှင်ကြီးလှုပ်ခတ်ရာတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော လူနေအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စေတီ၊ ပုထိုးများတည်ဆောက်မှုနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ဖြစ်သော ဘိလပ်မြေများကို ပြည်သူလူထုအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားအောင် အဘက်ဘက်က ကူညီလုပ်ဆောင်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူလူထု စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့၌ အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုအန္တရာယ်မှ ကင်းဝေးအောင် လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂၀၂၅ ခုနှစ် ဇူလိုင်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ကိုးရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**


ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် နှစ်ပေခွဲမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခွဲမှ လေးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ငါးပေခန့်၊ ဝေန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

## ကျောက်ဖြူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "yaminLove" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက်နေ ယမင်း(ခ) လင်းလင်းအား ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရေးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

## ဥတ္တရသီရိမြို့နယ်၌ လူသတ်၊ လုယက်မှုကျူးလွန်သူတရားခံ အမျိုးသားသုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ဇူလိုင် ၁၉ ရက်က လူသတ်၊ လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသားသုံးဦးကိုသက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁) မီးသတ်စခန်းအနောက်ဘက်တောအတွင်း မီးသွေးဖိုအနီး၌ ကိုးရွာ သပြေကုန်းကျေးရွာ လေးကျွန်းမဏ္ဍိုင်ဘုန်းကြီးကျောင်းမှ ကပ္ပိယဖြစ်သူ ဦးလှဝင်း ၇၄ နှစ်အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရ၍ တရားခံများ စိစစ်ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးအတွက် ဘုရားကုန်းမြို့မရဲစခန်း (ပ)၃၄/၂၀၂၅ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။



ဖြစ်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အမှုမှ တရားခံများဖမ်းဆီးရမိနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ အချင်းမဖြစ်မီရက်များက အဆိုပါဘုန်းကြီးကျောင်းတွင်ရောက်ရှိနေသည့် ကိုးရွာ သပြေကုန်းကျေးရွာနေ နိုင်မင်းထွန်း(ခ) ဘိုဘို ၁၈ နှစ်၊ ဖွဲခန့်နိုင်(ခ)ဖွဲခန့် ၁၇ နှစ် နှင့် ရေတာရှည်မြို့နယ် သရက်တော ကျေးရွာနေ ဆန်းမင်းငြိမ်း(ခ)ပေါက်တူး ၂၇ နှစ်တို့ သုံးဦးကို မသင်္ကာသဖြင့် စစ်ဆေးခဲ့ရာ လူသတ်လုယက်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ပြီး ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရှည်နှစ်ပေခန့်ရှိ ထင်းချောင်း နှစ်ချောင်း၊ VIVO အမျိုးအစား သက်သေခံဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သုံးဦးသည် ငွေကြေးလိုအပ်ချက်ကြောင့် ကပ္ပိယဖြစ်သူ ဦးလှဝင်းထံမှ ပိုက်ဆံများလုရန်တိုင်ပင်ပြီး ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီတွင် ဦးလှဝင်း၏ မီးသွေးဖိုအနီး ဝါးရုံပင်အောက်တွင် အရက်သေစာသောက်စားကာစောင့်ဆိုင်း၍ ဦးလှဝင်းအား နိုင်မင်းထွန်း(ခ)ဘိုဘိုမှ အသင့်ယူလာသော ထင်းချောင်းဖြင့်ရိုက်နှက်ခဲ့ပြီး မှောက်လျက်လဲကျသွားသော ဦးလှဝင်းအား ဆန်းမင်းငြိမ်း(ခ)ပေါက်တူးမှ ဆွဲလှန်ပေးကာ နိုင်မင်းထွန်း(ခ)ဘိုဘိုနှင့် ဖွဲခန့်နိုင်(ခ)ဖွဲခန့်တို့မှ ထင်းချောင်းများဖြင့် ဝိုင်းဝန်းရိုက်နှက်၍ ဦးလှဝင်းကိုင်ဆောင်သော VIVO အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းနှင့် လွယ်အိတ်အတွင်းမှ ငွေကျပ် ၇၂၀၀၀ ကို လုယက်ယူဆောင်ခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ လူသတ်၊ လုယက်မှုကျူးလွန်သူ နိုင်မင်းထွန်း(ခ)ဘိုဘို၊ ဖွဲခန့်နိုင်(ခ)ဖွဲခန့်နှင့် ဆန်းမင်းငြိမ်း(ခ) ပေါက်တူးတို့ သုံးဦးကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဧဝ၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။



ဝတ္ထုတိုကလျာ

# နေဝင်ချိန်

## ထွန်းလှိုင်(မြိုင်)

**ဇူလိုင် ၁၈ ရက်နေ့မှအဆက်**

"ဟုတ်ကဲ့ပါ ဒီလောက် ဆန္ဒရှိနေမှတော့ သား စဉ်းစားလိုက်ပါမယ်"လို့ပြောပြီး အိပ်ရာဝင်ခဲ့တယ်။ နဖူးပေါ်လက်တင်ပြီး အမေ့ဆန္ဒအရ အိမ်ထောင်ဖက် ရွေးချယ်ပွဲကြီး စိတ်ကူးရတော့တယ်။

ပထမဆုံး မျက်စိထဲပေါ်လာသူကတော့ "မခင်ထွေးမြင့်"။ အရပ်ရှည်ရှည် ခန္ဓာကိုယ်သွယ်သွယ်လျလျနဲ့ ပြုံးချိုချိုမျက်နှာထား။ အသားက မဖြူမညို ယဉ်ကျေးသိမ်မွေ့ပြီး ကြည့်လို့ကောင်း၊ မင်းကတော်ရုပ်ပေါက်တယ်။ အလုပ်အကိုင်က မူလတန်းပြဆရာမ၊ ဦးတင်မောင်တို့ ရပ်ကွက်ထဲမှာနေတယ်။ ရုံးသွားရုံးပြန်၊ ကျောင်းသွားကျောင်းပြန် အမြဲတမ်းဆုံမိတယ်။ နောက်တော့လဲ ရင်းနှီးသွားတယ်။ ဦးတင်မောင်ကို တွေ့တဲ့နေရာတိုင်း နှုတ်ဆက်တဲ့အပြုံးလေးက ရင်ထဲကိုစွဲမိစေတယ်။ ဦးတင်မောင်ကတော့ ဖွင့်ပြောမယ်ဆိုရင် လက်ခံဖို့အဆင်သင့်။ ဦးတင်မောင်မှာ ငြင်းပယ်စရာဘာမှမရှိ။ သို့သော်လည်း မခင်ထွေးမြင့်တို့ မိဘများမရှိကြတော့။ မောင်နှမနှစ်ယောက်ထဲနေတယ်။ မောင်လေး ဘိုးတုတ်ဟာ အရပ်ထဲမှာ လူဆိုးလူမိုက်၊ ထစ်ခနဲဆို ဘိုးတုတ် မကြာခဏ ရုံးရောက်ဂါတ်ရောက်၊ ဆရာမမခင်ထွေးမြင့် လိုက်ရှင်းပေးနေရတယ်။ ဘိုးတုတ်က မိတဆိုးလေးဆိုပြီး အစ်မဖြစ်သူ အလိုလိုက်ထားတော့ ဆိုးနေတယ်။ အရက်သောက်တယ်။ ဖဲရိုက်တယ်။ ရန်ဖြစ်ချင်တယ်။ တကယ်လို့ မခင်ထွေးမြင့်နဲ့ အိမ်ထောင်ပြုလိုက်ရင် ဒီလူဆိုးနဲ့ ပြဿနာတက်မယ်။ အမေလဲ စိတ်ဆင်းရဲရမယ်။ မဖြစ်သေးပါဘူး။

နောက်တစ်ယောက် "ဝင်းဝါဝါထည်" နာမည်နဲ့လိုက်အောင် မာနကြီးတယ်။ ထည်ထည်ဝါဝါနေတတ်တယ်။ အသက်က ငယ်ငယ် ၂၀ ကျော် တက္ကသိုလ်ကျောင်းသူ၊ အခြားသူတွေနဲ့တော့ တည့်ချင်တည့်နေမယ်။ ဒါပေမဲ့ ဦးတင်မောင်နဲ့ကျတော့ ဝင်းဝါဝါထည် တစ်ယောက် အဆင်မပြေနိုင်ပါ။ ဦးတင်မောင်နဲ့ အိမ်နီးချင်းလေ။ အမြဲတမ်း ကလေးဆိုးကြီးသဖွယ် အကြောင်းမရှိ အိမ်ကိုအမြဲလာတယ်။ တစ်ခါတလေ အမေနဲ့အတူ အိမ်မှုကိစ္စတွေ ကူညီလုပ်ပေးတယ်။ မလှမြင့်နဲ့အတူ အစ်ကိုကြီးစားဖို့ဆိုပြီး ထမင်း၊ ဟင်း ဝိုင်းကူချက်ပေးတယ်။ တက္ကသိုလ်ကျောင်းသူပီပီ အလှအပ မက်မောတယ်။ အဝတ်အစား ထည်လဲဝတ်၊ မိတ်ကပ်မျိုးစုံ၊ လက်သည်းနီ၊ နှုတ်ခမ်းနီ တစ်နေ့တစ်မျိုး မရိုးရအောင် ဝတ်စားဆင်ယင်တယ်။ အသုံးအဖြုန်းကြီးတယ်။ ခေတ်ဆန်တယ်။

"အစ်ကိုကြီးရေ ဝင်းဝါကို ဒီတစ်ပတ်စနေနေ့ ရုပ်ရှင်လိုက်ပြပါအုံး။ နောက်တစ်ပတ် တနင်္ဂနွေနေ့မှာ ဘုရားလိုက်ပို့ပါအုံး။ အစ်ကိုကြီးရေ မီနီမားကပ်မှာ ပစ္စည်းသစ်တွေ ရောက်တယ်။ အဲဒါ ဝင်းဝါသွားချင်လို့ လိုက်ပို့ပါအုံး"ဆိုကာ တစ်ပတ်တစ်မျိုး မရိုးရအောင် ပူဆာတယ်လေ။ ဦးတင်မောင်တစ်ယောက် စဉ်းစားချင့်ချိန်ပြီးနေရတယ်။ အသက်ကလဲ ငယ်တော့ ရှူးရှူးမိုက်မိုက်ကလေးပဲ။ ဦးတင်မောင်သာ မဆင်ခြင်ရင် ကြာလှပြီ။

"မဖြစ်သေးပါဘူးလေ။ အသုံးအဖြုန်းက ကြီးပါပေ့။ ကိုယ်ရတဲ့လခ ကိုယ်တောင်စားလိုက်ရမှာမဟုတ်ဘူး။ အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုးတဲ့ ပြင်မရတဲ့အမှားနဲ့ကြုံမှ အမေလဲ စိတ်ဆင်းရဲရမယ်" တွေးရင်းနဲ့ပဲ။ နောက်တစ်ယောက် ...

ရုံးက စာရေးမလေး မဖြူသီတာသိန်းက ဦးတင်မောင်ပဲ တာဝန်ယူပြီး ခန့်ပေးခဲ့တယ်။ ဒါကြောင့် မဖြူသီတာသိန်းက အထက်လူကြီးလဲဖြစ်၊ ကျေးဇူးရှင်လဲဖြစ်တဲ့ ဦးတင်မောင်ကို ဦးထိပ်ပန်ဆင်နေသူဖြစ်တယ်။ မော်ဒယ်မဟုတ်ပေမဲ့ မော်ဒယ်လောက်လှတယ်။ အမြဲတမ်း အင်္ကျီလက်ရှည်နဲ့ ထဘီခြေမျက်စိထိဝတ်ပြီး ရိုးရိုးယဉ်ယဉ်လေးနဲ့ ဣန္ဒြေရှိတယ်။ အသားအရေဟာ ဖြူပြီး အရပ်အမောင်းက မနိမ့်မမြင့် ဆွဲဆောင်နိုင်တဲ့ အပြုံးပိုင်ရှင်ဖြစ်တယ်။ တစ်ရုံးထဲလုပ်နေတဲ့ မောင်မောင်ဆိုတဲ့ အထက်တန်းစာရေးက တစ်ဖက်သတ် ချစ်နေတယ်။ မဖြူသီတာသိန်းက မောင်မောင်ကို အရေးမလုပ် မယုတ်မလွန်ဘဲ ဆက်ဆံတယ်။ ဒါပေမဲ့ ဦးတင်မောင်ကျတော့ အလေးထားဆက်ဆံတယ်။ ရုံးခန်းထဲကို မကြာခဏဆိုသလို ရုံးကိစ္စ၊ လက်ဖက်ရည်ချိန် လက်ဖက်ရည်၊ အအေးချိန်ဆို အအေး၊ ယုတ်စွအဆုံး ရုံးခန်းထဲက ဖိုင်တွေကအစ မလိုအပ်ဘဲနဲ့လဲ ပြင်ဆင်ပေးလေ့ရှိတယ်။ ဦးတင်မောင်ကတော့ ပုံမှန်ပဲဆက်ဆံတယ်။ မဖြူသီတာသိန်းမှာ အကြီးဆုံးဖြစ်ပြီး အိမ်ရဲ့စီးပွားရေးကို ဦးဆောင်လုပ်နေသူဖြစ်တယ်။ ရုံးချိန်ပြီးလျှင် စက်ရုံမှာ ချုပ်ထည်တွေလက်ခံပြီး ချုပ်လုပ်ရင်းနဲ့ မိသားစုစားဝတ်နေရေးကို ဖြည့်ဆည်းရုန်းကန်နေရတယ်။ ဦးတင်မောင်သာဆိုလျှင် မဖြူသီတာသိန်းက မဆွတ်ခင်က ညွတ်ချင်ပြီးသား ဖြစ်နေပုံရတယ်။ "မဖြစ်သေးပါဘူးလေ။ သူနဲ့အိမ်ထောင်ပြုရင် သူ့စီးပွားရေးကို ကိုယ်ပါမကကိုယ့်အမေပါ အထည်ချုပ်လုပ်ငန်းကို အမြင်မတော်ရင် ဝိုင်းကူလုပ်ပေးရမယ်။ တော်ကြာ ချွေးမအလုပ်များနေတော့ မြေးထိန်းပေးရမဲ့အခြေအနေမှာရှိတယ်"

ဦးတင်မောင်တစ်ယောက် အိပ်ရာထဲမှာ လူးလိမ့်စဉ်းစားရင်းနဲ့ တော်တော်နဲ့အိပ်မပျော်နိုင်ခဲ့။ အတွေးလွန်ပြီး ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိ။

"ဒေါက် ဒေါက် ဒေါက်"

"အစ်ကိုကြီး အိပ်ရာထတော့လေ။ နေမကောင်းဘူးလား၊ ၇ နာရီတောင်ထိုးနေပြီ"

ဦးတင်မောင် အိပ်ရာထဲမှ ကပျာကယာထလိုက်တယ်။ မျက်နှာသစ်၊ ရေချိုးပြီး ထမင်းစားခန်းထဲဝင်လိုက်တယ်ဆိုရင်ပဲ ထမင်းကြော်နဲ့ ပဲပြုတ်လက်ဖက်ရည်အဆင်သင့်နဲ့ အမေနဲ့ မလှမြင့်တို့ စောင့်နေတာကိုတွေ့ရတယ်။ အမေက–

"သား နေမကောင်းဘူးလား။ ဒီနေ့ အိပ်ရာထနောက်ကျလှချေလား"

"ကောင်းပါတယ် အမေ"

"ညက အမေ့ချွေးမရှာဖို့စဉ်းစားရတာ တော်တော်နဲ့ အိပ်မပျော်နိုင်ဘူးဖြစ်သွားတယ်"

စိတ်ထဲက ပြန်ဖြေလိုက်တာပါ။ ဒီနေ့ ရုံးစောစောသွားဖြစ်တယ်။ မလှမြင့် ထမင်းချိုင့်ကို ကားပေါ်တင်ပေးတယ်။ တစ်ချက်ပြုံးပြပြီး လက်ပြနှုတ်ဆက်တယ်။

"အစ်ကိုကြီး ဒီနေ့ဝန်ထမ်း အင်အားစာရင်းတွေ အပြီးလုပ်ပြီး ရုံးချုပ်ကိုတင်ရမယ်။ ပြီးတော့ ဘတ်ဂျက်ပိတ်မှာဆိုတော့ ပိုငွေ၊ လိုငွေလဲ တွက်ချက်တင်ရမယ်။ သူဇာ အဆင်သင့်လုပ်လာတယ် အစ်ကိုကြီး။ စစ်ဆေးကြည့်ပါအုံး"

ဒေါ်သူဇာမြင့်က စားပွဲရှေ့ ကုလားထိုင်မှာ ထိုင်ချလိုက်တယ်။ ဒေါ်သူဇာမြင့် ရုံးကိုရောက်လာကတည်းက ရုံးလုပ်ငန်းတွေမှာ စိတ်ချရတယ်။ အချို့ကိစ္စတွေကို ဒေါ်သူဇာမြင့်နဲ့ လွှဲထားရတာက များတယ်။ လုပ်ငန်းတာဝန်ကျေပြီး အထက်လူကြီးကို ရိုသေတယ်။ သစ္စာရှိသူဖြစ်သလို အလိုက်သိတတ်မှုလဲရှိတယ်။ အခုလဲ ကြည့်လေ။ ဒေါ်သူဇာမြင့်ရုံးကိုရောက်လာတာ သုံးလလောက်ပဲရှိအုံးမယ်။ ဦးတင်မောင် လက်ဖက်ရည်ချိုပေါ့ ကြိုက်တတ်မှန်း သူသိနေတယ်။ ဒီနေ့ ရုံးလုပ်ငန်းကိစ္စတွေ ဒေါ်သူဇာမြင့်နဲ့အတူ ပြီးပြတ်အောင် ဆောင်ရွက်လိုက်တယ်။

ဒေါ်သူဇာမြင့်က အထက်လူကြီးကို လေးလေးစားစား ဆက်ဆံသလို အောက်ခြေဝန်ထမ်းတွေနဲ့လဲ ပေါင်းသင်းဆက်ဆံတတ်တယ်။ မန္တလေးကနေ ပြောင်းလာတာ သုံးလလောက်ပဲရှိအုံးမယ်။ ဒါတင်မက ထမင်းစားချိန်ရောက်လာရင် အရင်ကတော့ ရုံးအကူ မောင်အောင်သိန်း ပြင်ဆင်ပေးတယ်။ အခုတော့ ဒေါ်သူဇာမြင့်ကိုယ်တိုင် ပြင်ဆင်ပေးတယ်။ အညာသူပီပီ ဦးတင်မောင်ကြိုက်တတ်တဲ့ ပဲကြီးနှပ်နဲ့ ငါးပိချက်ကို တစ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို ချက်ပြုတ်လာတတ်တယ်။ ဦးတင်မောင်နဲ့ ထမင်းအတူစားရင် စားဦးစားဖျားအနေနဲ့ အမြဲဦးချတတ်တယ်။ ဦးတင်မောင်တစ်ယောက် ဒေါ်သူဇာမြင့်ရဲ့ အပြုအမူတွေအပေါ် သာယာမိတယ်။ ဒေါ်သူဇာမြင့်က အသက် ၃၀ ဝန်းကျင် ဦးတင်မောင်နဲ့ မတိမ်းမယိမ်း။ ခေတ်ပညာတတ် ဘွဲ့ရတစ်ယောက်၊ သူ့အလှက ကဗျာဆန်တယ်။ ရှင်မတောင်သနပ်ခါး ပါးကွက်ကျားလေး အမြဲလိမ်းတတ်တယ်။ ခန္ဓာကိုယ်အချိုးအစားက သွယ်သွယ်လျလျ အသားက ညိုညို၊ အရပ်က မနိမ့်မမြင့်၊ ဆံပင်က ဖြန့်လိုက်ရင် တင်ပါးအောက်ကို ကျော်နေတယ်။ သူ့ရဲ့ ဖော်ရွေမှု၊ အလိုက်သိတတ်မှု၊ ကန့်ကလျပြောဆိုမှု၊ အစ်ကိုကြီးလို့ ခေါ်လိုက်တဲ့အသံကအစ ဦးတင်မောင် သာယာတယ်။ ရင်ကိုအေးမြစေတယ်။ မကြာခဏဆိုသလို ရုံးလုပ်ငန်းအကြောင်းပြပြီး ရုံးခန်းထဲခေါ်တဲ့အကြိမ်တွေလဲ မနည်းလှတော့ပါ။ ဦးတင်မောင်တစ်ယောက် ဒေါ်သူဇာမြင့်ကို တစ်ဖက်သတ် စိတ်ဝင်စားနေပြီလား။ ဦးတင်မောင် ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေမိတယ်။ ဦးတင်မောင်စိတ်ထဲမှာလဲ ကြိတ်ပြီး အမေ့ဆန္ဒပြည့်ဝတော့မှာဆိုပြီး ဝမ်းသာနေမိတယ်။ "အမေရေ အမေရှာခိုင်းတဲ့ ချွေးမတော့တွေ့ပြီဗျ။ အမေ့ကိုတော့ ဖွင့်ပြောလို့မဖြစ်သေးဘူး" ဒီလိုနဲ့ အိမ်နေချိန်ထက် ရုံးတက်ချိန် ပိုများလာပြီ။

ဒီနေ့ဟာ စနေနေ့။

"သား မင်းအဖေဆုံးတာ ဒီနေ့ သုံးနှစ်ပြည့်ပြီ။ မင်းအဖေကိုရည်စူးပြီး ရွှေတိဂုံဘုရားမှာ ရွှေသင်္ကန်းကပ်မယ်။ ပန်းရေချမ်းလှူမယ်၊ ဝေနေယျသုခ ရေချမ်းစင်မှာလဲ မင်းအဖေအတွက် ရာသက်ပန်ပဒေသာပင်စိုက်မယ်"လို့ပြောတယ်။ ဒါနဲ့ ဦးတင်မောင်လဲ အမေ့ကို ဘုရားလိုက်ပို့လိုက်တယ်။ မလှမြင့်လဲပါလာတယ်။ ဘုရားရောက်တော့ အဖေ့အတွက် လုပ်စရာကိစ္စတွေဆောင်ရွက်ပြီး အရှေ့ဘက်တန်ဆောင်းမှာထိုင်ရင်း ရွှေတိဂုံဘုရားကို ကြည်ညိုနေမိတယ်။ အမေက မလှမြင့်ကို

"သမီးလဲဘွဲ့ရပြီး ကျောင်းဆရာမ အလုပ်လျှောက်ထားတော့ အလုပ်မြန်မြန်ရအောင် ပန်း၊ ဆီမီး၊ ရေချမ်းလှူနော်၊ ပြီးတော့ သမီးလိုတဲ့ဆုလဲတောင်းပေ့ါ"

"ဟုတ်ကဲ့ပါ အမေ၊ အမေနဲ့ အစ်ကိုကြီးအတွက် ပိုပြီးဆုတောင်းခဲ့ပါ့မယ်"ဆိုပြီး ထွက်သွားပြီ။

မလှမြင့်သွားတယ်ဆိုရင်ပဲ အမေက ဆိုင်းမဆင့်ဗုံမဆင့်နဲ့ "သား အိမ်ထောင်ပြုဖို့ကိစ္စ စဉ်းစားပြီးပြီလား။ ရှာလို့တွေ့ပြီလား။ သားမရှာတတ်လဲ အမေပဲရှာပေးပါမယ်။ အမေနဲ့လဲ မတည့်စရာအကြောင်းမရှိဘူး။ အိမ်မှုကိစ္စလဲ နိုင်တယ်။ ပြီးတော့ တစ်ယောက်အကြောင်းတစ်ယောက်လဲ သိပြီးသား။ ကိုယ်နဲ့ဆွေမျိုးမကင်း စောင့်ရှောက်ရာလဲကျတယ်။ အခြားဘယ်သူ့ကိုမှ သားစဉ်းစားမနေနဲ့တော့။ သားအပေါ်မှာလဲ အနွံတာခံရှာတယ်။ ဒါကြောင့် သားကို မလှမြင့်နဲ့ အိမ်ထောင်ချထားပေးချင်တယ်။ သူလဲ ဘွဲ့ရပြီးပြီလေ။ မကြာခင် ကျောင်းဆရာမ အလုပ်ရတော့မယ်။ အမေ့စကား သားနားထောင်မယ်မဟုတ်လား"

ဦးတင်မောင် ဘာပြန်ပြောရမှန်းမသိ။ မျှော်လင့်မထားတဲ့စကားကို ကြားရတဲ့အတွက် အံ့အားသင့်နေတယ်။ မလှမြင့်ကို ညီမလေးတစ်ယောက်လို သံယောဇဉ်ရှိတာကလွဲပြီး ရည်ရွယ်ထားတာမရှိခဲ့ပါ။ ဦးတင်မောင် အငေးသားဖြစ်နေတော့တယ်။

"သား အမေ ပြောတာကြားရဲ့လား"

"ဟုတ် ဟုတ်ကဲ့ပါ ကြားပါတယ် အမေ"

မလှမြင့်ပြန်ရောက်လာလို့ စကားပြတ်သွားတယ်။

စာမျက်နှာ ၂၅ သို့ ➤

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၁၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၁၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် မြေပဲ ၅၉၀၅ ကေ စိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၁၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်အတွင်း မြေပဲ ကေ ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဇူလိုင်လ ဒုတိယပတ်မှ ယနေ့တိုင် စားတော်ပဲများ အဝယ်လိုက်လာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၅၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"စားတော်ပဲက အရင်ကထက် တော်တော်လေး အရောင်းအဝယ် ဖြစ်လာပါတယ်။ ပြည်တွင်း စားသုံးမှု အားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ် ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ် ကောင်းနေတဲ့ စားတော်ပဲတွေက လက်ကျန် အဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ပဲမျိုးစုံ လုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာပါတယ်။ လက်ရှိမှာ ဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူတာများနေပါတယ်''ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။



ကျောင်းကုန်းမြို့နယ်ရှိ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် စားတော်ပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၂၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၄ မှအဆက်**

အမေစီစဉ်တာ သဘာဝကျပါတယ်။ ဒါပေမဲ့ ဦးတင်မောင်အနေနဲ့ ရုံးအုပ်ဒေါ်သူဇာမြင့်ကို တစ်ဖက်သတ်စိတ်ဝင်စားနေမိပြီ။ တွေ့ကြတာစောသေးလို့ ဖွင့်မပြောခဲ့။ ဦးတင်မောင်သာ ချစ်ရေးဆိုခဲ့လျှင် ဒေါ်သူဇာမြင့်တစ်ယောက်လက်ခံလိမ့်မယ်လို့ ဦးတင်မောင် ရာနှုန်းပြည့်တွက်ထားတယ်။ ဒါကြောင့် အမေသဘောကျတဲ့ မလှမြင့်ကို ချက်ချင်းခေါင်းမညိတ်ခဲ့တော့။

ဒီလိုနဲ့ နောက်တစ်ပတ်စနေနေ့မှာ အမေက "သား မလှမြင့်ကို စဉ်းစားပြီးပြီလား"

"ဟာ အမေကလဲဗျာ သားက မလှမြင့်ကို ညီမလေးတစ်ယောက်လို ချစ်တာဗျာ"

"သား စိတ်ကူးမလွဲနဲ့နော်၊ စဉ်းစဉ်းစားစား လုပ်ပါကွယ်။ တော်ကြာ အမေနဲ့အဆင်မပြေသူတွေ တွေ့လာခဲ့ရင် သားရောအမေပါ စိတ်ဆင်းရဲနေရအုံးမယ်"

အမေက မလှမြင့်ကို ပြောထားလို့ထင်တယ်။ အရင်ကနဲ့မတူအောင် ဦးတင်မောင်ကို ပိုပြီးဂရုစိုက်လာတယ်။ အစ်ကိုကြီး အစ်ကိုကြီးနဲ့ အကြောင်းမရှိ အကြောင်းရှာ စကားတွေပြောလာတယ်။

အိမ်ထောင်ပြုဖို့ကိစ္စ အကြောင်းအမျိုးမျိုးပြပြီး ရှောင်လွှဲနေခဲ့တာ လေး၊ငါး၊ခြောက်လလောက် ကြာသွားပြီ။ မလှမြင့်လဲ အလုပ်ရပြီး မူလတန်းပြဆရာမတာဝန်နဲ့ အညာဒေသ ပခုက္ကူမြို့ အခြေခံပညာအထက်တန်းကျောင်းမှာ တာဝန်ထမ်းဆောင်နေရပြီ။ ဦးတင်မောင်ထံ စာတွေမကြာခဏရေးတယ်။ တစ်ခါတလေ အခွင့်သင့်ရင် ဖုန်းဆက်တယ်။ ဦးတင်မောင်နဲ့လိုက်ဖက်မဲ့ ယောလုံချည်တွေဝယ်ပို့တယ်။ မလှမြင့်ကို ဘွဲ့ရတဲ့ထိ ကျောင်းထားပေးတဲ့ အစ်ကိုကြီးတို့မိသားစုကို မမေ့ကြောင်း၊ အမှတ်ရကြောင်း အခါအခွင့်သင့်လျှင် ကျေးဇူးဆပ်ရန်၊ ပြုစုစောင့်ရှောက်ရန် စာလဲရေး၊ ဖုန်းလဲဆက်ခဲ့တယ်။ ဦးတင်မောင်အနေနဲ့ သတိရကြောင်း ပြောရုံကလွဲပြီး ဘာမှအကြောင်းမပြန်ခဲ့ပါ။ အခုအချိန်မှာ ဦးတင်မောင်လဲ ဒေါ်သူဇာမြင့်နဲ့ အတော်ရင်းနှီးနေပြီလေ။ ဦးတင်မောင်ရဲ့ စိတ်ထဲမှာ ဒေါ်သူဇာမြင့်ကိုပဲ စွဲနေပြီ။

ဒီတစ်ပတ် စနေနေ့မှာ မပြီးပြတ်သေးတဲ့ ရုံးလုပ်ငန်းတွေလုပ်ဖို့ ရုံးအုပ် ဒေါ်သူဇာမြင့်ကို ၈ နာရီ ရုံးကိုလာဖို့ ခေါ်လိုက်တယ်။ မလှမြင့် ဝယ်ပေးထားတဲ့ ယောလုံချည်နီညိုရောင်နဲ့ အင်္ကျီရှပ်လက်တိုအဖြူရောင် အကွက်ဝတ်ပြီး ၁၆ နှစ်သားလိုပြင်ဆင်ကာ ရုံးကို ၇ နာရီလောက်ကတည်းက ရောက်နေတယ်။ ခါတိုင်းလို ထမင်းချိုင့်မယူတော့ဘဲ အပြင်မှာ စားမယ်ဆိုပြီး အမေ့ကိုပြောခဲ့တယ်။ **ဆက်လက်ဖော်ပြပါမည်။**

## ဖြူစင်သောစိတ်

- လူသားတွေ နှလုံးသား
  အပြုံးများ ဝေပါစေ၊
  မင်္ဂလာကျက်သရေတိုး
  ကောင်းကျိုးဖြာဝေ၊
  ပရဟိတ စိတ်ဓာတ်တွေ
  ကိန်းအောင်းနေ အမြဲတမ်း၊
  ဒေါသအမုန်ဖယ်လို့
  ကြံ့ရွယ်ကာ ဘဝတစ်ခုကို
  ထုဆစ်လို့လှမ်း။

- ညစ်ညမ်းတာ စိတ်မတွေး
  ဖြူစင်ဖွေး အသိဉာဏ်၊
  ယဉ်ကျေးချို နှုတ်ထွက်စကား
  ပြောကြားစေရန်၊
  ဆောင်ရွက်သမျှ မှန်မှန်ကန်
  လမ်းမှန်ထံ ရောက်စေဖို့၊
  မိတ်ဆွေဝန်းကျင်အပေါင်းနဲ့
  ကောင်းမြတ်ရာ အလုပ်များကို
  ကြိုးစားကြစို့။

- ပုံရိပ်တွေ လှစေရေး
  ပြုပြင်မနှေး နေထိုင်ပါ၊
  ရှင်သန်ရာ ဘဝလှဖို့
  ပြုကြစဉ်သာ၊
  လျှောက်သောလမ်း ဖြောင့်မတ်လာ
  ကိုယ်စိတ်နှစ်ဖြာ အေးငြိမ်း၊
  ကောက်ကျစ် စိတ်အဆင်ကို
  ရှောင်ဖယ်ကြဉ် ပြုမူကျင့်လို့
  မြှင့်တင်လျက်ထိန်း။ ။

ဖြိုးထက်(ရေစကြို)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ရုရှားအရှေ့ဖျားဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



မော်စကို ဇူလိုင် ၂၀

ရုရှားအရှေ့ဖျားဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ရုရှားအရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့်ဒေသမှာ ဆာကာနယ်မြေဖြစ်ပြီး ဆာကာနယ်မြေအတွင်း အန္တရာယ်ရှိသည့် ဧရိယာတွင် နေထိုင်သည့်ဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများက ဘေးလွတ်ရာရွှေ့ပြောင်းပေးနေကြောင်း၊ ရေလွှမ်းနေသည့် ဧရိယာအတွင်း နေထိုင်သည့် ဒေသခံများကို နေအိမ်ပြတင်းပေါက်များမှတစ်ဆင့် ကယ်ဆယ်ရေးဝန်ထမ်းများက အသက်ကယ်လှေများဖြင့် ကယ်ထုတ်ပေးခဲ့သည့်အပြင် အိမ်မွေးတိရစ္ဆာန်များကိုပါ ကယ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

"ဆာကာနယ်မြေမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ကျေးလက်ဒေသတချို့ဟာ တော်တော်လေးကို အန္တရာယ်များတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံတချို့ကို အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာရွှေ့ပြောင်းပေးနေရပါတယ်"ဟု ရုရှားအရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အီရန်နိုင်ငံတစ်ဝန်းတွင် ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့

တီဟီရန် ဇူလိုင် ၂၀

အီရန်နိုင်ငံတစ်ဝန်းတွင် ယနေ့နံနက်အစောပိုင်းက ငလျင်များ ဆက်တိုက် လှုပ်ခတ်ခဲ့ကြောင်း အီရန်နိုင်ငံ ဘူမိသိပ္ပံပညာဌာန ထုတ်ပြန်ချက်များအရ သိရသည်။

အီရန်နိုင်ငံ မြောက်ပိုင်းရှိ Qarnabad ရွာ၏ အရှေ့ဘက် ၃၁ ကီလိုမီတာအကွာ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြုပြီး မြောက်လတ္တီကျု ၃၆ ဒသမ ၇၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၅၅ ဒသမ ၁ ဒီဂရီတွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု ယနေ့ နံနက်အစောပိုင်းက လှုပ်ခတ်ခဲ့ကြောင်း၊ အဆိုပါငလျင် လှုပ်ခတ်ခဲ့ပြီး နာရီအနည်းငယ် အကြာတွင် ငလျင်ဗဟိုချက် အနက် ၁၀ ကီလိုမီတာ၊ မြောက်လတ္တီကျူ ၃၆ ဒသမ ၈၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၅၄ ဒသမ ၆၄ ဒီဂရီတွင် ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး ပြင်းအား သုံးမဂ္ဂနီကျူမကျော်သောငလျင်ငယ်များ နောက်ဆက်တွဲလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ပြီးနောက် နိုင်ငံတွင်းရှိ လူနေအဆောက်အအုံ၊ အခြေခံ အဆောက်အအုံများ၊ လမ်းတံတားတချို့ ပျက်စီးခဲ့ရသည့်အပြင် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်တချို့ ပြိုလဲခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက် အက်ကွဲကာပြိုကျလုနီးပါး အန္တရာယ်ရှိအဆောက်အအုံများ၏ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်ပြီးမှ ပြည်သူများကို ပြန်လည် နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီသတိပေးချက်ကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။

လတ်တလော လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရသူများနှင့် အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်နေကြောင်း နိုင်ငံ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# တောင်တရုတ်ပင်လယ်ထဲ တိုင်ဖွန်းမုန်တိုင်းဝီဖာ ဝင်ရောက်လာသဖြင့် တရုတ်နိုင်ငံတောင်ပိုင်းပြည်နယ်များတွင် သတိပေးချက်ထုတ်ပြန်ထား

ပေကျင်း ဇူလိုင် ၂၀

တောင်တရုတ်ပင်လယ်ထဲကို တိုင်ဖွန်းမုန်တိုင်း ဝီဖာဝင်ရောက်လာသဖြင့် တရုတ်နိုင်ငံတောင်ပိုင်းပြည်နယ်များတွင် ဇူလိုင် ၁၉ ရက်တွင် အမျိုးသားမိုးလေဝသဌာနမှ သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။



တရုတ်နိုင်ငံ၏ တောင်ပိုင်းကမ်းရိုးတန်းဒေသများသို့ ယခုနှစ်၏ ခြောက်ကြိမ်မြောက် တိုင်ဖွန်းမုန်တိုင်းဝီဖာသည် တောင်တရုတ်ပင်လယ်၏ အနောက်မြောက်ဘက်သို့ တစ်နာရီလျှင် ၁၅ ကီလိုမီတာမှ ၂၀ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေကြောင်း၊ နိုင်ငံ၏ တောင်ပိုင်း ဟိုင်နန်နှင့် ကွမ်တုံပြည်နယ်များတွင် ပြင်းထန်သော မုန်တိုင်းသတိပေးချက်ထုတ်ထားကြောင်း၊ မုန်တိုင်းသည် ယနေ့ မွန်းလွဲပိုင်းနှင့် ညအချိန်ကြားတွင် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း ဝီဖာကြောင့် ယနေ့မှ ဇူလိုင် ၂၂ ရက်ထိ ဟိုင်နန်ပြည်နယ်အနီးရှိ ပင်လယ်ပြင်နှင့် ကုန်းမြေဒေသအများစုတွင် မိုးသက်မုန်တိုင်းများနှင့် လေပြင်းများကျရောက်နိုင်ကြောင်း၊ ထို့ပြင် နိုင်ငံ၏တောင်ပိုင်း ဟိုင်နန်နှင့် ကွမ်တုံပြည်နယ်ကြားရှိ Qiongzhou ရေလက်ကြားအတွင်း သင်္ဘောပြေးဆွဲမှုကို ယနေ့မှ ဇူလိုင် ၂၂ ရက်ထိ ခေတ္တဆိုင်းငံ့ထားရကြောင်း၊ ဟိုင်နန်ပြည်နယ်မြို့တော် Haikou တွင်လည်း ရေလွှမ်းမိုးမှုနှင့်အတူပြင်းထန်သော မိုးကြိုးမုန်တိုင်းများ၊ လှိုင်းကြီးခြင်းနှင့် ဒီရေလှိုင်းတက်ခြင်းများဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသတွင်နေထိုင်သူများကို သတိပြုနေထိုင်ကြရန် အမျိုးသား မိုးလေဝသဌာန သတိပေးထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ကနေဒါနိုင်ငံ မနီတိုဘာပြည်နယ်တွင် တောမီးမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေ

အော့တဝါ ဇူလိုင် ၂၀

ကနေဒါနိုင်ငံ မနီတိုဘာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကျန်းမာရေးလုံခြုံမှုကိုထိခိုက်စေနိုင်သော အဆင့်သို့ရောက်ရှိနေကြောင်း၊ လေထုညစ်ညမ်းမှုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေသည့်ဒေသများမှာ ဝင်နီပက်ဒေသနှင့် ဘရန်ဒန်ဒေသတို့ဖြစ်ကြောင်း၊ ၎င်းဒေသများမှ ဒေသခံများကို တောမီးကူးစက်လောင်ကျွမ်းလာနိုင်သည့် အခြေအနေကြောင့် လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် သတိပေးထားကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေဟာ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေပါတယ်။ အခု မနီတိုဘာပြည်နယ်မှာ တောမီးကြောင့် ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကတစ်ဆင့် လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့ အဆင့်မျိုးလဲဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုဆိုးရွားစွာ ဖြစ်ပေါ်နေတဲ့ ဒေသတွေကတော့ ဝင်နီပက်ဒေသနဲ့ ဘရန်ဒန်ဒေသတို့ပဲဖြစ်ပါတယ်။ တောမီးကြောင့် လိုအပ်လာရင် ဘေးလွတ်ရာရွှေ့ပြောင်းဖို့ သတိပေးချက် ထုတ်ပြန်ထားသလို လက်ရှိမှာလဲ လေထုညစ်ညမ်းမှုအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားရပါတယ်။ ဒီကာလမှာ ရင်ကျပ်ရောဂါရှိသူတွေနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဝေဒနာခံစားရသူတွေ အထူးသတိထားသင့်တဲ့ ကာလဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့လမ်းညွှန်ချက်တွေကို လိုက်နာသွားကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ပြင်သစ်နိုင်ငံတောင်ဘက်ပိုင်း မာတီဂွီဒေသအနီးတွင် လောင်ကျွမ်းနေသောတောမီး အမြန်ဆုံးထိန်းချုပ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးပမ်းလျက်ရှိ

ပဲရစ် ဇူလိုင် ၂၀

ပြင်သစ်နိုင်ငံတောင်ဘက်ပိုင်း မာတီဂွီဒေသအနီးတွင် လောင်ကျွမ်းနေသောတောမီး အမြန်ဆုံးထိန်းချုပ်နိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးပမ်းလျက်ရှိကြောင်း ပြင်သစ်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် လူနေအိမ်များဆီသို့ကူးစက်လောင်ကျွမ်းလာနိုင်သည့်အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းထားရသည့်ဒေသခံဦးရေ ၁၅၀ ထက်မနည်းရှိနေကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၂၄၀ လောင်ကျွမ်းပြီး တောမီးကြောင့် သစ်တောမြေပျက်စီးမှုနှုန်း ဆက်လက်မြင့်တက်လာနိုင်ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီ ရယူထားပြီး လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းလာနိုင်သည့် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ဦးစားပေးငြိမ်းသတ်နေကြောင်း သိရသည်။

"မာတီဂွီဒေသအနီးမှာ လောင်ကျွမ်းနေသည့်တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်အင်အား ရာနဲ့ချီပြီးတော့ တောမီးကိုထိန်းချုပ်ပေးနိုင်ဖို့ ကြိုးစားပေးနေပါတယ်။ လေကြောင်းအကူအညီကိုပါ ရယူထားပါတယ်။ တောမီးကြောင့် သစ်တောမြေဟက်တာ ၂၄၀ ထိ လောင်ကျွမ်းပျက်စီးသွားခဲ့ပြီ ဖြစ်ပါတယ်။ တောမီးဟာ လူနေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့အတွက် အန္တရာယ်ရှိနိုင်တယ်လို့ သတ်မှတ်ထားတဲ့ ဧရိယာအတွင်း နေထိုင်တဲ့ ဒေသခံအယောက် ၁၅၀ ထက်မနည်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်"ဟု ပြင်သစ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဘုတလင်မြို့နယ်တွင် မြေပဲ ၁၈၄၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ် လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ



**ဘုတလင် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၄၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၄၇၀၀ စိုက်ပျိုးရန် လျာထားပြီး မေလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၄၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဘုတလင်မြို့နယ်အတွင်း မြေပဲဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကြင်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကြင်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်မျိုးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးကြင်းပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးကြင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းဈေးက တစ်ပိဿာကို ငွေကျပ် ၁၉၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ဒေသထွက် ငါးကြင်းတွေ အဝယ်လိုက်နေတာကြောင့် ငါးကြင်းတင်ပို့ရောင်းချအား တက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးတွေ ဝယ်ယူတာများလာပေမဲ့ ဈေးကတော့ မတက်သေးပါဘူး" ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်မျိုးက ပြောပြသည်။

ပန်းတနော်မြို့နယ်ရှိ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ပါ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနက်ရှိုင်းလာသော တရုတ်နှင့် ရုရှား

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်တွေ့ဆုံဆွေးနွေးရန်နှင့် ၁၉၄၁-၁၉၄၅ ခုနှစ် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ အထူးဧည့်သည်တော်အဖြစ်တက်ရောက်ရန် ယခုနှစ် မေ ၉ ရက်တွင် ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ နှစ်နိုင်ငံ ခေါင်းဆောင်များသည် ကမ္ဘာ့ခြိမ်းခြောက်မှုအဖြစ်ရှုမြင်ထားသော ရွှေကွန်ချာဒုံးကာစနစ်နှင့် AUKUS ကဲ့သို့သော အမေရိကန်၏ ကာကွယ်ရေးဆိုင်ရာ လုပ်ဆောင်မှုများအပေါ် ဆန့်ကျင့်ရှုတ်ချကြောင်း ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။ ၎င်းတို့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာမြောက် တည်ငြိမ်မှုထိန်းသိမ်းရေးနှင့် ခိုင်မာအားကောင်းရေးတို့အတွက် လက်တွေ့ကျသောချဉ်းကပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန်လည်း ကတိကဝတ်ပြုခဲ့ကြသည်။


သို့သော် နှစ်နိုင်ငံခေါင်းဆောင်များသည် လက်တွေ့ပူးပေါင်းဆောင်ရွက်သွားမည့် တိကျသောနည်းလမ်းများကိုမူ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ မည်သို့ပင်ဆိုစေ မကြာသေးမီက တရုတ်နှင့်ရုရှားနိုင်ငံတို့ကြား စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများက စစ်ဘက်ဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းများနှင့် စီမံကိန်းများ၊ စစ်လက်နက်ကုန်သွယ်မှုများ၊ စစ်ဘက်နယ်ဘက်အသုံးပြုနိုင်သောပစ္စည်းများ၊ ရေငုပ်သင်္ဘောများနှင့် ရဟတ်ယာဉ်များတပ်ဖြန့်ချထားမှုများ လုပ်ဆောင်ခဲ့ကြောင်းကို လှစ်ဟပြသလျက်ရှိသည်။ အဆိုပါချိတ်ဆက်ဆောင်ရွက်မှုများသည် နက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှုများကိုအထောက်အကူပြုစေမည်ဖြစ်သည်။ ၎င်းနယ်ပယ်များတွင် အဆင့်မြင့်တိုးတက်လာမှုများသည် အမေရိကန်-တရုတ်-ရုရှား မဟာဗျူဟာမြောက် သုံးပွင့်ဆိုင်ယှဉ်ပြိုင်မှုတွင် စွမ်းဆောင်ရည်များဆိုင်ရာဟန်ချက်ကို သိသိသာသာပြောင်းလဲလာစေမည်ဖြစ်သည်။

**တရုတ်-ရုရှား စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု**

တရုတ်နှင့်ရုရှားနိုင်ငံသည် တရားဝင်စစ်ဘက်ဆိုင်ရာ မဟာမိတ်ဖွဲ့မည့်စိတ်ကူးစိတ်သန်းကိုပယ်ချခဲ့ပြီး မဟာဗျူဟာမြောက်မိတ်ဖက်အဖြစ်သာရည်ညွှန်းပြောဆိုလျက်ရှိသည်။ မည်သို့ပင်ဆိုစေ ၎င်းတို့အနေဖြင့် အဖွဲ့အစည်းပိုင်းဆိုင်ရာအပြန်အလှန်ချိတ်ဆက်မှုကို တည်မှီသောစစ်ဘက်မိတ်ဖက်ဆက်ဆံရေးကိုမျှဝေခံစားလျက်ရှိသည်။

သမ္မတရှီကျင့်ဖျင်နှင့် သမ္မတဗလာဒီမာပူတင်တို့သည် စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုလမ်းညွှန်မူဝါဒများ ပုံဖော်တည်ဆောက်နိုင်မည့် ပူးတွဲကြေညာချက်များကို မကြာခဏထုတ်ပြန်လေ့ရှိသည်။ တစ်ချိန်တည်းမှာပင် တရုတ်နှင့် ရုရှားနိုင်ငံသည် တရုတ်ကွန်မြူနစ်ပါတီ၊ နိုင်ငံခြားရေးရာဗဟိုကော်မရှင်ရုံးညွှန်ကြားရေးမှူးနှင့် ရုရှားဖက်ဒရေးရှင်းလုံခြုံရေးကောင်စီ အတွင်းရေးမှူးတို့ကြား နှစ်စဉ်ပြုလုပ်သည့် မဟာဗျူဟာမြောက် လုံခြုံရေးဆိုင်ရာဆွေးနွေးညှိနှိုင်းမှုကို လုပ်ဆောင်လျက်ရှိသည်။ ၎င်းဆွေးနွေးပွဲသည် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက် ပေါင်းစပ်ညှိနှိုင်းမှုယန္တရားအဖြစ် လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် တရုတ်နှင့် ရုရှားနိုင်ငံသည် စစ်ဘက်ချစ်ကြည်ရင်းနှီးမှုများ ပေါင်းစပ်ညှိနှိုင်းရေးငါးနှစ်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကိုလည်း အသုံးချလျက်ရှိသည်။

အဆိုပါသဘောတူညီချက်သည် နှစ်နိုင်ငံစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုအတွက် အဖွဲ့အစည်းအထောက်အကူပြုနေစဉ်မှာပင် ပူးတွဲကြေညာချက်များသည် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆွေးနွေးလေ့ရှိသည်။ စစ်ဘက်နည်းပညာဆက်ဆံရေးဆိုင်ရာ အသေးစိတ်အချက်အလက်များသည် နိုင်ငံ့ခေါင်းဆောင်များ၏ကြေညာချက်များ၊ စီမံကိန်းကြေညာချက်၊ ကုန်သွယ်မှုအချက်အလက်နှင့် သတင်းမီဒီယာအစီရင်ခံစာများမှ ပေါ်ထွက်လာခြင်းဖြစ်သည်။



ရုရှားသမ္မတနှင့် တရုတ်သမ္မတတို့ကို တွေ့ရစဉ်။

**စစ်လက်နက်ကုန်သွယ်မှု**

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ထိပ်တန်းလက်နက်တင်ပို့သူအဖြစ်ရပ်တည်နေပြီး တရုတ်နိုင်ငံသည် ခွင့်ပြုချက်ပေးထားသောစာချုပ်များမှတစ်ဆင့် ရုရှားနိုင်ငံ၏စစ်ဘက်နည်းပညာမှ အကျိုးဖြစ်ထွန်းလျက်ရှိသည်။ သို့သော် မကြာသေးမီနှစ်များအတွင်း စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုသည် တဖြည်းဖြည်းမေးမှိန်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံ၏ စစ်လက်နက်တင်သွင်းမှုသည် ၇၀ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၄၀ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့သည်။ အလားတူ တရုတ်နိုင်ငံသည် အဆိုပါကာလအတွင်း ရုရှားနိုင်ငံမှ စစ်လက်နက်ပစ္စည်းအနည်းငယ်သာတင်သွင်းခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် အရပ်ဘက်၊ စစ်ဘက်သုံး အင်ဂျင်စက်များကိုသာ တင်သွင်းခဲ့သည်။ တရုတ်နိုင်ငံ၏ စစ်ဘက်စွမ်းဆောင်ရည်များမြင့်တက်လာပြီး ရုရှားနှင့်ဆက်ဆံရာတွင် ပိတ်ဆို့မှုများ သက်ရောက်လာနိုင်မှုတို့ကြောင့်ပင်ဖြစ်သည်။

စစ်ဘက်နယ်ဘက်နှစ်မျိုးစလုံးတွင် အသုံးပြုနိုင်သောကုန်ပစ္စည်းများ လွှဲပြောင်းပေးမှုများသည် ရုရှားနိုင်ငံကို အကျိုးဖြစ်ထွန်းစေလျက်ရှိသောကြောင့် အနောက်အုပ်စုနှင့် ယူကရိန်းထုတ်ပစ္စည်းများတင်သွင်းနေရမှုကို အစားထိုးသွားနိုင်မည်ဖြစ်သည်။ ယူကရိန်းပဋိပက္ခ စတင်ဖြစ်ပွားချိန်မှစ၍ ပိတ်ဆို့မှုများကြောင့် ရုရှားအနေဖြင့် အဆိုပါပစ္စည်းများရရှိရန်အခက်အခဲဖြစ်ပေါ်ခဲ့သည်။ တင့်ကားများတွင်အသုံးပြုသော ဘောဘယ်ရင်များ(Ball Bearings)နှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများအပါအဝင် စစ်ဘက်ဆိုင်ရာ ပစ္စည်းများကိုတရုတ်နိုင်ငံမှ ရုရှားနိုင်ငံသို့တင်ပို့မှုသည် ယူကရိန်းပဋိပက္ခ စတင်ကတည်းက မြင့်တက်လာလျက်ရှိသည်။

ရုရှားနှင့်တရုတ်နိုင်ငံတို့သည် ပိုမိုကျယ်ပြန့်သောမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် ကတိကဝတ်ပြုထားသောကြောင့် စစ်လက်နက်ပစ္စည်းများနှင့် စစ်ဘက်နယ်ဘက် နည်းလမ်းနှစ်သွယ်ဖြင့်အသုံးပြုနိုင်သောပစ္စည်းများကုန်သွယ်မှုသည် ဆက်လက်မြင့်တက်ဖွယ်ရာရှိနေသည်။ ရုရှားနိုင်ငံသည် တရုတ်နိုင်ငံမှ နည်းလမ်းနှစ်သွယ်ဖြင့် အသုံးပြုနိုင်သောပစ္စည်းများ မှီခိုအားထားမှုသည် ဆက်လက်မြင့်တက်နေပြီး တရုတ်နိုင်ငံအနေဖြင့် ကိုယ်ပိုင်ရပ်တည်နိုင်မှု အဆင့်ရောက်ရှိလာသည့်အချိန်၌ ရုရှားနိုင်ငံထံမှ လက်နက် တင်သွင်းရန်မလိုအပ်တော့ပေ။

**ဒုံးကျည်တိုက်ခိုက်မှု ကြိုတင်သတိပေးစနစ်**

၂၀၁၉ ခုနှစ်တွင် ရုရှားသမ္မတဗလာဒီမာပူတင်က ရုရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံကို ဒုံးကျည်တိုက်ခိုက်မှုကြိုတင်သတိပေးစနစ်တည်ဆောက်ရာတွင် ကူညီပေးခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းစနစ်ကို အမေရိကန်နှင့် ရုရှားနိုင်ငံသာလျှင်ပိုင်ဆိုင်ထားရှိသည်။ အဆိုပါ ကြေညာချက်သည် အမေရိကန်အနေဖြင့် ကမ္ဘာတစ်ဝန်း၌ ဒုံးကျည်ကာကွယ်ရေးစနစ်များ တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ ရုရှားနှင့်တရုတ်နိုင်ငံတို့၏စိုးရိမ်ပူပန်မှုကိုထင်ဟပ်စေလျက်ရှိသည်။

တရုတ်နိုင်ငံက ရုရှားနိုင်ငံအကူအညီဖြင့် တည်ဆောက်သွားမည့် ဒုံးကျည်ကာကွယ်ရေးစနစ် အသေးစိတ်အချက်လက်ကိုမူ မသိရှိရသေးသော်လည်း ရုရှားနိုင်ငံ၌အသုံးပြုနေသောစနစ်ဖြစ်ကြောင်း TASS သတင်းဌာနက ဖော်ပြခဲ့သည်။ ၎င်းစနစ်သည် အကွာအဝေး ကီလိုမီတာ ၆၀၀၀ မှလာသော ဒုံးကျည်များကို ခြေရာခံနိုင်စွမ်းရှိသည်။ ထိုသို့ ဒုံးကျည်တိုက်ခိုက်မှု ကြိုတင်သတိပေးစနစ်တည်ဆောက်နိုင်ခြင်းသည် တရုတ်နိုင်ငံ၏နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်များ မြင့်တက်လာပြီး အဆိုပါနယ်ပယ်တွင် အမေရိကန်၏အားသာချက်များကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် တရုတ် နှင့်ရုရှားနိုင်ငံတို့သည် ဒုံးကျည်ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သော်လည်း အသေးစိတ်အချက်အလက်ကို ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

**ရေငုပ်သင်္ဘောသုတေသနပြု တည်ဆောက်ခြင်း**

တရုတ်နှင့်ရုရှားနိုင်ငံတို့သည် ရေငုပ်သင်္ဘောသုတေသနပြုတည်ဆောက်ရေးနှင့် စပ်လျဉ်း၍လည်း ပူးပေါင်းပေါင်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နှင့်ရုရှားနိုင်ငံတို့သည် မျိုးဆက်သစ်နျူကလီးယားရေငုပ်သင်္ဘောများတည်ဆောက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ရုရှားနိုင်ငံကထုတ်ပြန်ကြေညာခဲ့သည်။ ထို့သို့ပူးတွဲတည်ဆောက်ရာတွင် တရုတ်ရေငုပ်သင်္ဘောများကို ရုရှားနိုင်ငံထုတ် ဆိုနာနှင့် လက်နက်စနစ်များတပ်ဆင်သွားမည်ဖြစ်ပြီး ရုရှားရေငုပ်သင်္ဘောများကို တရုတ်နိုင်ငံထုတ် ဘက်ထရီနှင့် လေမဲ့တွန်းကန်အားစနစ်များ တပ်ဆင်သွားမည်ဟုလေ့လာသုံးသပ်သူများက ကောက်ချက်ချထားသည်။ တရုတ်နိုင်ငံသည် Type 096 နျူကလီးယားပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောအသစ်တည်ဆောက်ရန် ရုရှားနည်းပညာအပေါ်မှီခိုသွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်သည်။

**အကြီးစားရဟတ်ယာဉ်များအဆင့်မြှင့်တင်ခြင်း**

တရုတ်နှင့်ရုရှားနိုင်ငံတို့သည် အဆင့်မြင့်အကြီးစားရဟတ်ယာဉ်တစ်မျိုးကိုလည်း ပူးတွဲသုတေသနပြုတည်ဆောက်လျက်ရှိသည်။ ၎င်းရဟတ်ယာဉ်သည် ဝန်စည်စလယ် ၁၅ တန်ကိုတစ်နာရီလျှင် ကီလိုမီတာ ၃၀၀ နှုန်းဖြင့် ကီလိုမီတာ ၆၃၀ အဝေးထိ သယ်ယူပို့ဆောင်နိုင်သည်။ ၎င်းရဟတ်ယာဉ်ကို ၂၀၂၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၃၂ ခုနှစ်တွင် ပထမဆုံးအကြိမ် ပျံသန်းနိုင်မည်ဟု မျှော်မှန်းထားရှိသည်။

၎င်းရဟတ်ယာဉ်သည် တပ်ဖွဲ့ဝင်များ၊ သံချပ်ကာယာဉ်များ၊ ရော့ကတ်များနှင့် အမြောက်များကို သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အရပ်ဘက်သယ်ယူပို့ဆောင်ရေးတာဝန်များအပြင် သဘာဝဘေးဒဏ်သင့်နေရာများသို့ အကြီးစားစက်ယန္တရားများပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

**နိဂုံး**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်အေးချမ်းမှုအပေါ် စိန်ခေါ်မှုများ၊ အထူးသဖြင့် ကမ္ဘာတစ်ဝန်း အမေရိကန်၏ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မှုများနှင့် ပြည်ပနိုင်ငံများတွင် အမေရိကန်၏စစ်အင်အားအသုံးပြုလိုသောဆန္ဒကိုတုံ့ပြန်ရေးအတွက် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် အခိုင်အမာကတိကဝတ်ပြုထားသည်။

ထို့ကြောင့် နှစ်နိုင်ငံစစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်တွင်ပိုမိုနက်ရှိုင်းလာဖွယ်ရာရှိနေသည်။ နှစ်နိုင်ငံအနေဖြင့် ၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှုကို လုံခြုံရေးအဆင့်မြှင့်တင်မှုအဖြစ် ရှုမြင်ထားသော်လည်း အမေရိကန်နှင့် လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများမြင့်တက်လာနိုင်ပေသည်။ ထိုသို့ဖြစ်ပေါ်လာခြင်းသည် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေး တည်ဆောက်မှုပုံစံများအပေါ် ဝန်ထုပ်ဝန်ပိုးများဖြစ်လာနိုင်ပြီး မဟာဗျူဟာမြောက်လက်နက်ထိန်းချုပ်မှုနှင့် နိုင်ငံတကာတည်ငြိမ်မှုတို့အတွက် ကြိုးပမ်းရာတွင် ပိုမိုသိမ်မွေ့ရှုပ်ထွေးလာနိုင်ပေသည်။

**ကိုးကား**

- **Partners in Deterrence: China and Russia' Deepening Military– Technical Ties by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ဆေးဖက်ဝင် မက္ကဒေးမီးယားအကြောင်း သိကောင်းစရာ

ပေါက်ပေါက်

မက္ကဒေးမီးယား(Macadamia)သည် Protea–ceae မျိုးရင်းဝင်ဖြစ်ပြီး ဩစတြေးလျနိုင်ငံ၏ တိုင်းရင်းအပင်မျိုးစိတ်လေးမျိုးထဲမှ မျိုးစုတစ်ခု၏ အမည်ဖြစ်သည်။ မူရင်းဒေသမှာ ကွင်းစလန်ပြည်နယ် အရှေ့တောင်ပိုင်းနှင့် နယူးဆောက်သ်ဝေးလ်စ်ပြည်နယ် အရှေ့မြောက်ပိုင်းတို့ဖြစ်သည်။ စကော့ ဩစတြေးလျဓာတုဗေဒပညာရှင် ဂျွန်မက္ကာဒမ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၅၇ ခုနှစ်တွင် Macadamia အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း လေ့လာမှတ်သားရသည်။ အခြားခေါ်ဝေါ်သော အမည်များမှာ Queens–land nut, bush nut, maroochi nut, bauple nut၊ Hawaii nut တို့ဖြစ်သည်။ ဩစတြေးလျ အာဘိုရီဂျီနယ် ဘာသာစကားအရ bauple, gyndl, jindilli ၊ boombera ဟူ၍လည်း လူသိများသည်။

မြန်မာပြည်တွင် ချောကလက်သီးဟု အလွယ်ခေါ်ကြသည်။ အသီးအခွံသည် လှော်ထားသောကြောင့် ချောကလက်ကဲ့သို့ အညိုရောင်သန်းနေသည်။ မလှော်ခင်တွင် အစိမ်းရောင်အခွံဖြစ်သည်။ အတွင်းထဲရှိ အဖြူရောင်အဆန်ကို စားသောက်ကြသည်။ အရသာသည် ချိုစိမ့်စိမ့်လေးဖြစ်သည်။

မက္ကဒေးမီးယားပင်သည် အမြဲစိမ်းအပင်မျိုးဖြစ်ပြီး နှစ်မီတာမှ ၁၂ မီတာ (ခုနစ်ပေ မှ ပေ ၄၀ ) အမြင့်ရှိတတ်သည်။ အရွက်များသည် သုံးရွက်မှ ခြောက်ရွက်ထိ အပင်ကိုပတ်၍ထွက်ပြီး ပုံသဏ္ဍာန်မှာ လုံထိပ်ဖျားပုံမှ ဘဲဥချွန်ပုံ သို့မဟုတ် ဘဲဥပုံဖြစ်ကာ ခြောက်စင်တီမီတာမှ စင်တီမီတာ ၃၀ (နှစ်လက်မ မှ ၁၀ လက်မ) ရှည်ပြီး အကျယ်မှာ သုံးစင်တီမီတာမှ ၁၃ စင်တီမီတာ (တစ်လက်မ မှ ငါးလက်မ) ရှိသည်။ ပန်းပွင့်များသည် အရှည်လိုက်သေးသွယ်သော အချောင်းသဏ္ဍာန်ပွင့်ကာ ငါးစင်တီမီတာမှ စင်တီမီတာ ၃၀ (နှစ်လက်မ မှ ၁၀ လက်မ) ရှည်လျားပြီး ပန်းပွင့်တစ်ခုချင်းစီသည် အရှည် ၁၀ မီလီမီတာမှ ၁၅ မီလီမီတာ (သုညဒသမ လေးလက်မမှ သုညဒသမ ခြောက်လက်မ) ရှိပြီး ပန်းပွင့်သည် အဖြူရောင်၊ ပန်းရောင်၊ ခရမ်းရောင်ဖြစ်သည်။

အခွံမာသီးအမျိုးအစားဖြစ်ပြီး ထိပ်ချွန်၍ အစေ့တစ်စေ့ သို့မဟုတ် နှစ်စေ့ပါဝင်သည်။ အပင်၏ အသီးဖြစ်သော မက္ကဒေးမီးယားသီး (Macadamia nuts) ကို စီးပွားရေးအရ တင်ပို့ရောင်းချကြသည်။ အသီးအခွံချောသောမျိုးနှင့် အသီးအခွံကြမ်းသော မျိုးဟူ၍ နှစ်မျိုးရှိသည်။ အသီးအခွံချောသောမျိုးသည် အလုံးကြီး၍ အခွံကြမ်းမျိုးသည် အလုံးသေးသည်။ အခွံချောမျိုးအသီးသည် လုံးဝိုင်းသည်။ ဈေးကွက်ထဲတွင် အခွံချောအလုံးကြီးပြီး အရွယ်လုံးဝိုင်းသည့် မျိုးကို လူကြိုက်များသည်။

ရင့်မှည့်အသီးကို Heat House ခေါ် အပူလှန်း၍ အိမ်အတွင်းဖြန့်ခင်းပြီး အခြောက်ခံစနစ်ဖြင့် အခြောက်ခံရပြီး ထိုအခွံမာသီးများကို လုံးစင်ခွဲ ကိရိယာဖြင့်ခွဲထုတ်ရာမှ အစေ့အဆန်အဖြူလေးများရရှိ၍ စားသုံးနိုင်သည်။ မက္ကဒေးမီးယားအပင်သည် အသီးစတင်ဖြစ်ထွန်းလာပါက နှစ်တစ်ရာကျော်ထိတိုင် သီးပွင့်နိုင်သည်။ သို့သော် အမြစ်များတိမ်ခြင်းကြောင့် အပင်သည် မုန်တိုင်းဒဏ်မခံနိုင်ဘဲ ပြိုလဲနိုင်သကဲ့သို့ အပင်အမြစ်ရောဂါ (Phytoph–thora) ကိုလည်း ခံနိုင်ရည်မရှိပေ။

**နိုင်ငံခြားဝင်ငွေရသည့် မြန်မာ့မက္ကဒေးမီးယားသီး**

မြန်မာနိုင်ငံတွင် မက္ကဒေးမီးယားပင်ကို ရှမ်းပြည် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် ရှမ်းပြည် (တောင်ပိုင်း) ရွာငံဒေသတို့တွင် အဓိကထား စိုက်ပျိုးလျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ပုဂေါ်ခွန်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ်နှင့် ပန်းတောင်း–တောင်ကုတ်ကားလမ်းဘေးရှိ ညောင်ဂျိုးကျေးရွာ၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မန်ထိန်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ မိုးကုတ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်များတွင်လည်း စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မက္ကဒေးမီးယားသီးများကို နှစ်စဉ်ဧပြီလတွင် တစ်ကြိမ်ခူးဆွတ်ရပြီး ဒုတိယအကြိမ်အဖြစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ရင့်မှည့်အသီးများ ထပ်မံရရှိသည်။ ကျန်းမာရေးအတွက် အကျိုးပြုသည့် အာဟာရဓာတ်များစွာပါဝင်ပြီး အရသာကောင်းမွန်သောကြောင့် ဝယ်လိုအားမြင့်မားလျက်ရှိသည်။ မက္ကဒေးမီးယားသီးကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်တွင်လည်း အဝယ်လိုက်နေသည်။ တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့နေရပြီး ထိုင်းနိုင်ငံကတစ်ဆင့် တင်ပို့လျက်ရှိသည်။ ထိုနိုင်ငံများအပြင် မြန်မာ့မက္ကဒေးမီးယားအစေ့အဆန်ကို စင်ကာပူနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံများကလည်း ဝယ်ယူကြသည်။

**စီးပွားဖြစ် မက္ကဒေးမီးယားပင်စိုက်ပျိုးခြင်း**

ပင်လတ်၊ ပင်ကြီးမျိုးဖြစ်ပြီး မက္ကဒေးမီးယားအပင်စိုက်ပျိုးရာတွင် ကိုင်းဆက်ပင်နှင့် အစေ့စိုက်ပင်ဟူ၍ နှစ်မျိုးစိုက်ပျိုးကြကြောင်း၊ မက္ကဒေးမီးယားစိုက်ပျိုးရာတွင် မြေအမျိုးအစားရွေးချယ်ရန် လိုအပ်ကြောင်း၊ အဓိကအားဖြင့် အစိုဓာတ်ထိန်းသိမ်းမှုနည်းပါးပြီး သဲဆန်လွန်းသည့် မြေမျိုးမှလွဲ၍ စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း၊ ရေဝပ်ခြင်းမရှိသော သစ်ဆွေးမြေများ၊ အစိုဓာတ်ထိန်းသိမ်းမှုကောင်းမွန်သည့် မြေမျိုးတွင် စိုက်ပျိုးကြကြောင်း၊ ရာသီဥတုအားဖြင့် နှစ်စဉ်မိုးရေချိန် လက်မ ၆၀ နှင့်အထက် ရွာသွန်းသော ဒေသများတွင် စိုက်ပျိုးရှင်သန်နိုင်သကဲ့သို့ ပန်းပွင့်ချိန်ကာလဖြစ်သော ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် အအေးဓာတ် ၁၄ ဒီဂရီ မှ ၁၈ ဒီဂရီအတွင်းရရှိရန် လိုအပ်ကြောင်း၊ အပူပိုင်းဒေသများတွင် အမြင့်ပေ ၁၅၀၀ မှ ပေ ၃၀၀၀ အတွင်း ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်းသိရသည်။

**ဆေးဖက်ဝင် မက္ကဒေးမီးယားသီး**

မက္ကဒေးမီးယားအစေ့အဆန်ကို သီဟိုဠ်စေ့ကဲ့သို့ လှော်စားနိုင်သကဲ့သို့ ကြော်၍လည်းစားနိုင်သည်။ ထို့ပြင် ချောကလက်၊ ရေခဲမုန့်၊ သကြားလုံးများတွင် လည်းထည့်စားကြသည်။ မက္ကဒေးမီးယားသီးကို မီးပြင်းပြင်းဖြင့်လှော်လျှင် အာဟာရဓာတ်များ လျော့သွားတတ်သဖြင့် မီးအေးအေးဖြင့် လှော်သင့်သည်။ အများဆုံးပါဝင်သော အာဟာရဓာတ်များမှာ ပရိုတင်း၊ ဗီတာမင်အီး၊ ဗီတာမင်ဘီဝမ်း ခေါ် သီယာမင်း၊ ကော့ပါး၊ မဂ္ဂနီးစ်၊ ဆိုဒီယမ်၊ သကြားဓာတ်၊ အမျှင်ဓာတ်၊ ကာဗွန်ဟိုက်ဒရိတ်နှင့် အဆီဓာတ်တို့ဖြစ်သည်။

မက္ကဒေးမီးယားအစေ့ ၁၀၀ ဂရမ်တွင် ကယ်လိုရီ ၇၄၀ ပါဝင်နေသည့်အပြင် လူသားအကျိုးပြုအဆီဓာတ် ၇၆ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ကိုးရာခိုင်နှုန်း၊ ကာဗွန်ဟိုက်ဒရိတ် ၁၄ ရာခိုင်နှုန်းနှင့် ပရိုတင်း ရှစ်ရာခိုင်နှုန်းတို့ပါရှိသည်။

ဓာတ်ခွဲလေ့လာစမ်းသပ်ချက်များအရ မက္ကဒေးမီးယားအစေ့ ၁၀၀ ဂရမ်ထဲတွင် –



ဗီတာမင်ဘီဝမ်း ခေါ် သီယာမင်းဓာတ်သည် အရွယ်ရောက်ပြီးသူတစ်ဦး နေ့စဉ်လိုအပ်ချက်၏ ရာခိုင်နှုန်းပြည့်ပါဝင်သည်။ ဗီတာမင်ဘီ–၆ ဓာတ်သည် အရွယ်ရောက်ပြီးသူတစ်ဦး နေ့စဉ်လိုအပ်ချက်၏ ၂၁ ရာခိုင်နှုန်းပါဝင်သည်။ မဂ္ဂနီးစ်ဓာတ်သည် အရွယ်ရောက်ပြီးသူတစ်ဦး နေ့စဉ်လိုအပ်ချက်၏ ရာခိုင်နှုန်းပြည့်ပါဝင်သည်။ သံဓာတ်သည် အရွယ်ရောက်ပြီးသူတစ်ဦးနေ့စဉ်လိုအပ်ချက်၏ ၂၈ ရာခိုင်နှုန်းပါဝင်သည်။ မဂ္ဂနီဆီယမ်ဓာတ်သည် အရွယ်ရောက်ပြီးသူတစ်ဦးနေ့စဉ်လိုအပ်ချက်၏ ၃၇ ရာခိုင်နှုန်းပါဝင်သည်။ ဖော့စဖိတ်ဓာတ်သည် အရွယ်ရောက်ပြီးသူတစ်ဦးနေ့စဉ်လိုအပ်ချက်၏ ၂၇ ရာခိုင်နှုန်းပါဝင်သည်။

အခြားစားသုံးနိုင်သည့် အခွံမာသီးများနှင့် ယှဉ်ပါက မက္ကဒေးမီးယားအစေ့၏ အားသာချက်များမှာ အဆီအအိမ့်နှင့် ကိုလက်စထရောပါဝင်မှုနည်းသည့် ကမ္ဘာ့ပထမတန်းစာရင်းဝင် အစေ့အဆန်ဖြစ်ခြင်း၊ ချိုဆိမ့်သောအရသာရှိပြီး ဗာဒံစေ့ထက်ပိုကောင်းသော အနံ့အရသာရှိခြင်းတို့ဖြစ်သည်။

မက္ကဒေးမီးယားအစေ့အဆန်ကို နေ့စဉ်စားသုံးပေးခြင်းဖြင့် အရွယ်တင်နုပျိုခြင်း၊ ဦးနှောက်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ သွားနှင့်အရိုးများသန်စွမ်းစေခြင်း၊ အစာခြေစနစ်ကောင်းစေခြင်း၊ အသားအရေကို ကျန်းမာစေပြီး အမာရွတ်များလျော့ကျစေခြင်း၊ အသားအရေစိုပြေစေခြင်း၊ ဆံကေသာကျန်းမာသန်စွမ်းခြင်းစသည်တို့အပြင် ဗီတာမင်ဓာတ်များ လုံလောက်စွာပါရှိခြင်းတို့ကြောင့် လူသားများအတွက် လိုအပ်သည့်အာဟာရဓာတ်များ ရရှိနိုင်မည်ဖြစ်သည်။

မက္ကဒေးမီးယားအစေ့သည် လူသားအကျိုးပြုမပြည့်ဆီကြွယ်ဝသဖြင့် မကောင်းသော ကိုလက်စထရောများကို လျှော့ချပေးသောကြောင့် နှလုံးကို ကျန်းမာစေပြီး၊ နှလုံးသွေးကြောနှင့်ဆိုင်သောရောဂါများကို ကာကွယ်ပေးသည်။ နှလုံးသွေးကြောကျဉ်းသူများ အထူးစားပေးသင့်သည်။

အိုမီဂါ–၃ ပါဝင်သောကြောင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ မက္ကဒေးမီးယားအစေ့အဆန်ကို မှန်မှန်စားပေးခြင်းဖြင့် ရင်သွေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည်။

ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ဖလေဗိုနွိုက်ပါဝင်နေခြင်းကြောင့် အဖောအရောင်ကျစေ၍ သွေးကြောများအတွက်လည်း သွေးစီးဆင်းမှုကောင်းစေသည်။

မက္ကဒေးမီးယားအစေ့အဆန်သည် အဆာခံနိုင်သဖြင့် အစာစားချင်စိတ်ကိုထိန်းပေးသောကြောင့် ကိုယ်အလေးချိန်ကို တစ်ဖက်တစ်လမ်းမှ ထိန်းညှိပေးသကဲ့သို့ ဝိတ်ချချင်သူများအတွက်လည်း ကျန်းမာရေးနှင့် ညီညွတ်မျှတစေသော ဓာတ်စာတစ်မျိုးဖြစ်သည်။

မက္ကဒေးမီးယားအစေ့အဆန်သည် သွေးတွင်းအဆီကျစေနိုင်သကဲ့သို့ ဝမ်းဗိုက်အဆီကိုလည်း ကျစေသည်။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသောကြောင့် ဆီးချိုရောဂါမဖြစ်စေရန် ကာကွယ်ပေးသည်။ လေဖြတ်ခြင်းမှလည်း ကာကွယ်ပေးသည်။ သွေးပေါင်ချိန်ကို ထိန်းညှိပေးသောကြောင့် သွေးမတိုးစေရန် ကာကွယ်ပေးသည်။ အမျှင်ဓာတ်ပါဝင်သောကြောင့် ဝမ်းမချုပ်စေရန် ကာကွယ်ပေးသည်။

မက္ကဒေးမီးယားအစေ့အဆန်ကို နေ့စဉ်စားသုံးသော အစားအစာထဲတွင် သင့်တင့်မျှတသော ပမာဏပါဝင်အောင် စားသုံးပေးရုံမျှဖြင့် ကင်ဆာရောဂါများဖြစ်နိုင်ခြေအလားအလာကို လျှော့ချပေးနိုင်သည်။

မက္ကဒေးမီးယားသီးသည် ခွေးများအတွက် အဆိပ်ဖြစ်စေသည်။ မက္ကဒေးမီးယားအစေ့အဆန်ကို ခွေးများစားသုံးမိပါက စားသုံးပြီး ၁၂ နာရီအတွင်း နောက်ခြေထောက်များ ဆိုင်းတွသွားပြီး မတ်တတ်မရပ်နိုင်တော့ပေ။ ခွေးအရွယ်အစားနှင့် ၎င်းစားသုံးမိသည့် ပမာဏပေါ်မူတည်၍ ကြွက်သားများတုန်ခြင်း၊ အဆစ်များနာခြင်းနှင့် ဆိုးဆိုးရွားရွားဗိုက်နာခြင်းကို ဖြစ်စေတတ်သည်။

**သတိပြုရန်အချက်များ**

မက္ကဒေးမီးယားသီးသည် ကယ်လိုရီများသောကြောင့် အလွန်အကျွံမစားသင့်ပေ။ တချို့သူများတွင် မွေးရာပါအခွံမာသီးနှင့် ဓာတ်မတည့်မှုဖြစ်တတ်သဖြင့် ထိုသူများသည် မက္ကဒေးမီးယားအစေ့အဆန်ကိုအနည်းငယ်သာ စားသင့်သည်။

အချုပ်ဆိုရသော် မက္ကဒေးမီးယားအစေ့အဆန်သည် အခြားသော အခွံမာသီးများနှင့် နှိုင်းယှဉ်ကြည့်လျှင် လူသားများကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုးမရှိ အားသာချက်အလွန်များသဖြင့် "အစာလည်းဆေး၊ဆေးလည်းအစာ"အဖြစ် မှီဝဲစားသုံးသင့်သည်။ သို့သော် မက္ကဒေးမီးယားအစေ့အဆန်သည် အခြားသော အခွံမာသီးအစေ့အဆန်များကဲ့သို့ လက်တစ်ကမ်းတွင်မရနိုင်ဘဲ လူတန်းစေ့စားသုံးနိုင်ခြင်းမရှိသေးပေ။

ထို့ကြောင့် တန်ဖိုးကြီးမား၍ အာဟာရဓာတ်ကြွယ်ဝပြီး နိုင်ငံခြားဝင်ငွေရရှိသည့် ဆေးဖက်ဝင် မက္ကဒေးမီးယားအပင်များကို ယခုထက်ပို၍ တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ ယနေ့မြန်မာနိုင်ငံတွင် မက္ကဒေးမီးယားအစေ့အဆန်ကို အဓိကထုတ်ကုန်အဖြစ် ထုတ်လုပ်နေကြပြီး မက္ကဒေးမီးယားဆီ၊ မက္ကဒေးမီးယားပျားရည်တို့ကိုလည်း ထုတ်လုပ်နိုင်သဖြင့် ထိုအပင်တစ်မျိုးတည်းက ဝင်ငွေအမျိုးမျိုးရရှိနိုင်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၂၅၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၂၅၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၆၉၈ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၂၅၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဟင်းသီးဟင်းရွက်ကေ ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားမှာပါ။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ခင်းမှထွက်ရှိတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီတဲ့ သီးနှံတွေဖြစ်စေဖို့ တောင်သူတွေကို နည်းပညာတွေပေးလျက်ရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ကေ ၁၅၈၀၊ ကနီမြို့နယ်တွင် ၃၉၉၁ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၇၂၇ ကေနှင့် ပုလဲမြို့နယ်တွင် ၉၅၆ ကေ စုစုပေါင်း ၇၂၅၄ ကေတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ရွှာင်မြို့နယ် ကိုးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရွှာင် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ပိစပ်ကျေးရွာအုပ်စု ကိုးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကိုးဆူကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဆဋ္ဌမအကြိမ်အဖြစ် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃၁ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**ချိုသန်းညွန့်**

**စာပေမြင့်မှ လူမျိုးတင့်မည်**






# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–10 တွင် ပညာသင်ကြားနေသော မလွဲလွဲဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းလှိုင်ဖြစ်ပါကြောင်း။

ဦးဝင်းလှိုင်(၁၄/မမန(နိုင်)၀၅၆၃၂၀)

## အမည်ပြောင်း

အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းစံပြကျေးရွာ၊ မူလွန်ကျောင်း Grade–3 တွင် ပညာသင်ကြားနေသော (ဘ) ဦးသီရိအောင်၏သား မောင်အောင်ပြည့်ဖြိုးအား မောင်အောင်ပြည့်ဖြိုးခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်ပြည့်ဖြိုးခန့်

## အမည်ပြောင်း

အမရပူရမြို့နယ်၊ ကြည့်မြင်တိုင်ကျေးရွာအုပ်စု၊ မြင်တော်ကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ Grade–4 တွင် ပညာသင်ကြားနေသော (ဘ) ဦးအေးငြိမ်းဇော်၏သမီး မသွန်းဆက်ဇော်အား မမေပိုးပန်းချီဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မမေပိုးပန်းချီ

### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာတတ်မြောက်မှုသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နောင်ချို-ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင်-မန္တလေးလမ်းကြောင်းကြီး ပြန်လည်ဖွင့်လှစ်နိုင်မှုနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုမည့် ဘိလပ်မြေများကို ဒေသတွင်းသို့ လျင်မြန်စွာပို့ဆောင်



နေပြည်တော် ဇူလိုင် ၂၀

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

နောင်ချို-ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင်-မန္တလေးလမ်းကြောင်းကြီး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုမည့် ဘိလပ်မြေများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။

## အားကောင်းသော အပူပိုင်းမုန်တိုင်း "ဝီဖာ" အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ တရုတ်နိုင်ငံ တောင်ပိုင်း ကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း "ဝီဖာ"(WIPHA)သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဇူလိုင် ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့်လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အတွင်း

စာမျက်နှာ ၂၁ ကော်လံ ၄ ❑